မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၉၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးဆောင်ရွက်ရာ၌ ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ်လက်စားများအတွက်ပါ ဆောင်ရွက်ပေးသွားမည်

သဘာဝဘေးအန္တရာယ်ကြောင့် တွေ့ကြုံလာရသည့် အခက်အခဲများ ကျော်လွှားနိုင်ရေး နည်းလမ်းများရှာဖွေ၍ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ စစ်ဦးစီးအရာရှိချုပ် (လေ)နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာပြီး နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဲခူးမြို့ရှိ ဗုဒ္ဓအသံမဏ္ဍပ်ဇိမာန် မြေညီထပ်၌ ဖွင့်လှစ်ထားသော အရေးပေါ်ရေဘေးယာယီကယ်ဆယ်ရေးစခန်းအတွင်း ယာယီခိုလှုံလျက်ရှိကြသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၂၇ ရက်)

မြို့ရွာသန့်ရှင်းသာယာလှပရေး ပြည်သူများ ပူးပေါင်းလက်တွဲပါဝင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကိုတည်ဆောက်ရာ၌ မြို့ရွာသန့်ရှင်းသာယာလှပရေးသည် အရေးကြီးသော လုပ်ငန်းတစ်ရပ်အဖြစ်ပါဝင်သည်။ မြို့ရွာသန့်ရှင်းသာယာလှပရေးတွင် စည်းကမ်းလိုက်နာမှု၊ တစ်ဦးချင်းမှသည် အများ၏ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် မြို့ရွာစည်ပင်သာယာရေး၊ ပြည်သူများစိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် လမ်း၊ တံတားများကို နိုင်ငံအဝန်း ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။ လမ်းများကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့သဖြင့် ယာဉ်မောင်းသူ၊ ခရီးသွားပြည်သူများ လိုရာခရီးကို ချောမောစွာသွားလာနိုင်ကြပြီဖြစ်သည်။ သို့သော် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းသူ၊ ခရီးသွားပြည်သူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။

မြို့ရွာသန့်ရှင်းသာယာလှပရေးအတွက် လမ်းများပေါ်တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ အများပြည်သူနှင့်ဆိုင်သောနေရာများတွင် စည်းကမ်းမဲ့ဈေးရောင်းခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ပြည်သူများသည် သတ်မှတ်ထားသည့်စည်းကမ်းများကို လေးလေးစားစား လိုက်နာဆောင်ရွက်သွားကြပါက အဆင့်မြင့်ပြီး သန့်ရှင်းလှပသော မြို့ရွာများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည်။

စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်ကောင်းဖြစ်စေရန် ပန်းဥယျာဉ်များ၊ ပန်းခြံများတည်ဆောက်ခြင်း၊ အရိပ်ရပင်များစိုက်ပျိုးခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ မြေအလှပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့မှသာ ပြည်သူများအတွက် စိတ်အပန်းဖြေမှုကို ရရှိခံစားရမည်ဖြစ်သည်။

ထို့ပြင် မိမိတို့နေထိုင်ရာ မြို့များ၊ ရပ်ကွက်များ၊ လမ်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ မြောင်းပိတ်ဆို့မှုများကို ဖယ်ရှားခြင်း၊ အမှိုက်များကို စည်းကမ်းရှိစွာ စွန့်ပစ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်နိုင်ကြရမည်ဖြစ်သည်။

မြို့ရွာသန့်ရှင်းသာယာလှပနေခြင်းသည် နိုင်ငံ၏လူနေမှုအဆင့်မြင့်မားမှုကို ဖော်ညွှန်းလျက်ရှိပေသည်။ သိပ္ပံနှင့်နည်းပညာများ တိုးတက်ပြောင်းလဲနေသည့် ယနေ့အချိန်တွင် မြို့ရွာအိမ်ခြေများ အဆင့်မြင့်ခေတ်မီတိုးတက်ရေးအတွက် မြို့ရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့်မရဘဲ ပြည်သူများ၏ စည်းကမ်းရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် လက်တွဲ ပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ဌာနဆိုင်ရာရုံးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ ကယားပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများ ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်းတာဝန်ပေးအပ်ပွဲ ရွှေကူမြို့၌ ကျင်းပ

ရွှေကူ ဇူလိုင် ၂၆

ရွှေကူမြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဦးက စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံကိန်းရည်မှန်းချက်တာဝန်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြေယာရှင်းအလှ ငပုတော၌ ဆောင်ရွက်

ငပုတော ဇူလိုင် ၂၆

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်အေးထွေးနှင့် ရုံးဝန်ထမ်းများ ဇူလိုင် ၁၅ ရက်က ပုသိမ်-ငပုတော ကားလမ်းဘေးဝဲယာတွင် မြေယာရှင်း အလှပြုပြင် ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ ***(မြို့နယ်စည်ပင်)***

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၅ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေမျှား ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းနှင့် ရေကန်အတွင်း အဘိတ်ဆေးခတ်ခြင်းတို့ကို အထက(၁)၌ ဆောင်ရွက်ကြစဉ်။ (ပညာရေး)

မိုးစပါးစိုက်ခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ငါးထုတ်လုပ်မှုဖြစ်ပွားတိုးတက်စေရေးအတွက် မိုးစပါးစိုက်ခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၃ ရက်က ငှက်သိုက်ကျေးရွာအုပ်စု မိုးစပါးစိုက်ခင်းများတွင် ကျင်းပသည်။

စုပေါင်းစိုက်ထည့်

အဆိုပါငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင်တိုင်းဒေသကြီးငါးလုပ်ငန်းစခန်းမှ ဦးစီးအရာရှိ ဦးလှဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဒေသခံတောင်သူများက မိုးစပါးစိုက်ခင်းဧက ၃၀၀ ကျော်အတွင်းသို့ ငါးခုံးမ ငါးသားပေါက် ကောင်ရေတစ်သိန်းခွဲကို စုပေါင်းစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ဝ၄၈)**

ပုဂံ-ညောင်ဦးအသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၆

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မှန်ကျောင်းဓမ္မသုခကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဦးသိန်းအောင်-ဖုန်း-၅၇၇၇၀၂၊ ဒေါက်တာခင်မောင်သန်း ဖုန်း-၅၄၉၉၄၈၊ ဦးတင်ဝင်း(ရေနံ)-ဖုန်း-၅၁၃၁၆၈၊ ဦးထွန်းအောင်ရှိန်-ဖုန်း -၅၅၆၄၇၂၊ ဦးပေါ်များ-ဖုန်း-၀၉-၇၃၀-၇၁၅၂၅၊ ဦးကြည်မြင့်-ဖုန်း-၂၉၉၇၄၈၊ ဦးဟန်တင် ဖုန်း-၂၄၉၄၅၅၊ ဦးယုတင် ဖုန်း-၃၈၀၉၀၈၊ ဦးကြည်စိုး ဖုန်း-၀၉-၅၁၀၆၇၀၆၊ တက္ကသိုလ်စိန်တင်-ဖုန်း-၅၈၀၄၄၅၊ ဦးကျော်ဝင်း-ဖုန်း-၅၁၂၅၃၁၊ ဒေါ်တင်တင်ဝင်း(ဗိုလ်ချုပ်မြေ)-ဖုန်း-၅၅၈၀၆၆နှင့် ဦးသာဒွေး-ဖုန်း-၇၂၈၈၃၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

ကုန်သည်/စက်မှုအသင်းချုပ်၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းပြီး အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ (Asian Clearing Union) ၏ ACU စနစ်အသုံးပြုမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ACU အဖွဲ့ဝင် ရှစ်နိုင်ငံအကြား ACU စနစ်အသုံးပြုမှုနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB)နှင့် မြန်မာ့စီးပွားရေးဘဏ်(MEB)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ရာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် UMFCCI ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ သို့ ဆက်သွယ်စုံစမ်း၍ ဇူလိုင် ၂၇ ရက်အတွင်း အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

❍ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဗုဒ္ဓအသံဓမ္မဗိမာန်သို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗုဒ္ဓအသံဓမ္မဗိမာန် မြေညီထပ်၌ ဖွင့်လှစ်ထားသော အရေးပေါ်ရေဘေးယာယီကယ်ဆယ်ရေးစခန်းအတွင်း ယာယီခိုလှုံလျက်ရှိကြသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ရေကြီးမှုဖြစ်စဉ်နှင့် လိုအပ်ချက်များကို မေးမြန်းပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အရေးပေါ် ရေဘေးယာယီကယ်ဆယ်ရေးစခန်းအတွင်း ဖွင့်လှစ်ထားသည့် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကို ကြည့်ရှုစစ်ဆေးပြီး အဖြစ်များသော ရောဂါများအခြေအနေကို မေးမြန်းကာ လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗုဒ္ဓအသံဓမ္မဗိမာန် ပထမထပ်၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပဲခူးတိုင်းဒေသကြီး၏ တည်နေရာ၊ ဧရိယာအကျယ်အဝန်းနှင့် ခရိုင်/မြို့နယ်ဖွဲ့စည်းမှု၊ မိုးရွာသွန်းမှုအခြေအနေနှင့် နှစ်အလိုက် နှိုင်းယှဉ်ချက်၊ ပဲခူးမြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုနှင့် ရပ်ကွက်အလိုက် ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ၊ အိမ်ထောင်စုနှင့်လူဦးရေစာရင်း၊ ရပ်ကွက်အလိုက် အရေးပေါ်ရေဘေးယာယီကယ်ဆယ်ရေးစခန်း ၁၈ ခု ဖွင့်လှစ်ထားရှိမှု၊ ပဲခူးမြို့ပေါ်ရပ်ကွက်များနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်သို့ ရေဝင်ရောက်မှု၊ ရေဘေးသင့်ပြည်သူများသို့ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးမှု၊ ရေပြန်လည်ကျဆင်းသွားပါက ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ မိုးစပါးစိုက်ဧကများတွင် ရေဝင်နစ်မြုပ်မှုဧကနှင့် ပြန်ပေါ်ဧကများ အခြေအနေနှင့် ရေလွှမ်းနစ်မြုပ်မှုကြောင့် မိုးစပါးစိုက်ဧကများ ထိခိုက်ပျက်စီးမှုရှိပါက ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်အရန်နှင့် မျိုးစပါး စုဆောင်းထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လိုအပ်သည်များ မှာကြားရာတွင် အရေးပေါ် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားမှု အဆင်ပြေမှုရှိမရှိနှင့် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ရေဘေးသင့်ပြည်သူများသည် နေထိုင်စားသောက်ရေး အဆင်ပြေပြီး ကျန်းမာရေးထိခိုက်မှုမရှိဘဲ ရွှင်ရွှင်ပျပျရှိသည်ကိုတွေ့ရကြောင်း၊ ရေဘေးသင့်ပြည်သူများသည် နေရေးထိုင်ရေးချို့ငဲ့ကြသည့် လက်လုပ်လက်စားများဖြစ်၍ လာရောက်ခိုလှုံကြခြင်းဖြစ်ကြောင်း၊ လက်ရှိအဆင်ပြေရုံနှင့် မပြီးသေးဘဲ ရေကျ၍ ၎င်းတို့၏နေအိမ်များသို့ ပြန်သွားသည့်အခါ စားရေး အဆင်ပြေမှုရှိစေရေးအတွက် ဆန်၊ ဆီ၊ ဆားနှင့်အသုံးအဆောင်များကို ဖြည့်ဆည်းပေးရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအမံများ ချမှတ်ရာတွင် ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ်လက်စားများအတွက်ပါ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများ စားရေးအတွက် ပူပင်ကြောင့်ကြမှု မရှိစေရေး၊ နေရေးအတွက်လုံလုံခြုံခြုံ နေနိုင်ရေး၊ နေထိုင်မကောင်းဖြစ်ပါက ဆေးဝါးကုသခံနိုင်ရေးနှင့် ကလေးများ မူလတန်းပညာ အခမဲ့သင်ယူနိုင်ရေး ရည်ရွယ်ချက်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်များကို ချမှတ်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

ပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင်ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ်လက်စားများ အတွက်ပါ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးခြင်းဖြင့် လက်လုပ်လက်စားများ အရင်းအနှီးများရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏လက်ထဲ၌ ငွေပိုငွေလျှံရှိပါက အလဟဿမဖြစ်ရလေအောင် ငွေစုငွေချေးအသင်းများထူထောင်၍ ဆင်းရဲနွမ်းပါးသူများကို ပြန်လည်ထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ ရေနစ်မြုပ်သောကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော စာရေးကိရိယာများကို ပညာရေးဝန်ကြီးဌာနက ထိုက်သင့်သလို ကူညီနိုင်ရေးအတွက် စာရင်းများပြုစုရန်လိုကြောင်း၊ ရေကျသွားသောရပ်ကွက်များအတွင်း ရောဂါဘယမဖြစ်ပွားစေရေး သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များက လိုက်လံကြည့်ရှုကူညီပေးရန်လိုကြောင်း၊ လယ်ယာကဏ္ဍတွင်လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရသော်လည်း တွေ့ကြုံလာရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် နည်းလမ်းများရှာဖွေ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကိုပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးညဏ်ဝင်းက လက်ခံသည်။

ပေးအပ်

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ထောက်ပံ့ငွေများပေးအပ်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းက ထောက်ပံ့ငွေများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ရေဝင်ရောက်သည့် စာသင်ကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ကြရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦး၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်စိုး၊ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးထွန်းဝေ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးနှင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေတို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မျိုးကောင်းမျိုးသန့် မျိုးစေ့များ စနစ်တကျအသုံးပြုစိုက်ပျိုး စိုက်စနစ်မှန်ကန်ရေး တောင်သူများအား လေ့ကျင့်ပညာပေး

နေပြည်တော် ဇူလိုင် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ကျင်းပသော ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနရုံးချုပ်မှ အရာထမ်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၏ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



သတိပြုဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်ငင်းလုပ်ငန်း၊ ရေတိုရေရှည်လုပ်ငန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သီးနှံအလိုက်လက်ရှိစိုက်ဧကနှင့် တစ်ဧကအထွက်နှုန်း ကိန်းဂဏန်းအချက်အလက်များ စနစ်တကျ ကောက်ယူရေးသည် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အခြေခံကိန်းဂဏန်းများ မှန်ကန်မှသာလျှင် နိုင်ငံတော်၏ဝမ်းစာဖူလုံရေးကို တွက်ချက်စီမံဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှု အပါအဝင် အရေးပေါ်လိုအပ်ချက်ကို တွက်ချက်နိုင်မည်ဖြစ်၍ ကိန်းဂဏန်းများလွဲမှားနေပါက ပြည်သူလူထု၏ စားနပ်ရိက္ခာ ဖူလုံမှုအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်ကို အထူးသတိပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၁၁-၂၀၁၂ ခုနှစ်မိုးစပါး စိုက်ဧကနှင့် အထွက်နှုန်းမြေပြင်စာရင်း အမှန်ကောက်ယူခဲ့ပြီးဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း မိုးစပါးထွန်တုံးပိတ်ချိန်ကာလအပြီးကောက်ယူပြုစုတင်ပြကြရန် ဖြစ်ကြောင်း။

အထူးအရေးကြီး

နိုင်ငံတော်က စပါးသီးနှံ စိုက်ပျိုးသည့် တောင်သူလယ်သမားများအား မိုးစပါး တစ်ဧကစိုက်ပျိုးစရိတ် အဖြစ်မူလကငွေကျပ် ၂၀၀၀၀ ထုတ်ပေးခဲ့ရာမှ ယခုနှစ်တွင် မိုးစပါး တစ်ဧကငွေကျပ် ၄၀၀၀၀ နှုန်း တိုးမြှင့်ခွင့်ပြုပေးရန် ရှိသည့်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ငွေများ ထုတ်ပေးရာတွင်လည်း တောင်သူတစ်ဦးချင်း စိုက်ဧကမှန်ကန်ရေးသည် အထူးအရေးကြီးကြောင်း။

မြေယာဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် အကျိုးခံစားခွင့် ရရှိကြသည့်နည်းတူ ပြည်သူလူထုက အလုပ်အကိုင် အခွင့်အလမ်းများရရှိစေပြီး နိုင်ငံတော်၏အခွန်အခများ တိုးတက်ရရှိစေရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် မြေယာလုပ်ပိုင်ခွင့်ချထားမှုနှင့် ဖော်ထုတ်စိုက်ပျိုးသည့် စာရင်းဇယားများ မှန်ကန်စွာ ပြုစုတင်ပြ ကြရန် အရေးကြီးကြောင်း။

မျိုးကောင်းမျိုးသန့်မျိုးစေ့များ စနစ်တကျ အသုံးပြုစိုက်ပျိုးရေးနှင့် စိုက်စနစ်မှန်ကန်ရေးအတွက် တောင်သူလယ်သမားများအား လေ့ကျင့်ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ အထွက်ကောင်း မျိုးသန့်စပါးမျိုးစေ့များ စဉ်ဆက်မပြတ်ထုတ်လုပ်ရေးနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို တိုးတက်လာသော နည်းပညာများနှင့်အညီ စဉ်ဆက်မပြတ် တီထွင်ကြံဆလုပ်ကိုင် ဆောင်ရွက်ရေးတို့တွင် ကြေးတိုင်နှင့် မြေစာရင်းဝန်ထမ်းများကလည်း မိမိတို့နယ်မြေဒေသအလိုက် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)မှ အရာထမ်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူး စုစုပေါင်း ၃၇ ဦး တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ သီပေါ၌ကျင်းပ

သီပေါ ဇူလိုင် ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ပိတောက်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက ကျောင်းခန်းမဆောင်၌ ကျင်းပရာကျောင်းဆောင်သစ်ကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာဒေါ်နန်းကြာလီနှင့် မြို့နယ်ပညာရေးမှူး ဦးကျော်ဇင်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး အလှူရှင် အေးရှားဝေါလ်စီမံကိန်းဒါရိုက်တာ ဒေါ်နန်းကြာလီက ကျောင်းဆောင် ဆောက်လုပ်မှုနှင့်ပတ်သက်၍ရှင်းလင်းတင်ပြကာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသုံးဗလာစာအုပ်များနှင့် အမှတ် (၂) အထက ပညာရေးရန်ပုံငွေအတွက် ငွေရည်ပုလဲကုမ္ပဏီက အလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းပြီး ကျောင်းအကျိုးတော်ဆောင် ကော်မတီဦးစိုင်းဖေသန်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြောင်း သိရှိရသည်။ (၀၇၂)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

စီးပွားရေးအားကောင်းသည့် လုပ်ငန်းရှင်များ စိတ်တူကိုယ်တူ ပူးပေါင်း အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ရန်လိုအပ်

နေပြည်တော် ဇူလိုင် ၂၆

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်း မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရန်ကုန် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးတို့က ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆိုင်ရာ အချက်အလက်များ စီစဉ် ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီး က ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန် အရှေ့ပိုင်းခရိုင် မြို့နယ်(၁၃) မြို့နယ်မှ ကျေးလက်ဒေသရှိ ပြည်သူ လူထုနှင့် ဆင်းရဲနွမ်းပါးသူများအတွက် စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာ ရေး၊ အခြေခံပညာ မူလတန်းအဆင့် လူတိုင်းသင်ယူနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးကြခြင်း ဖြစ်ကြောင်း၊ လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် ၎င်းလုပ်ငန်း များ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် စီးပွား ရေးအားကောင်းသည့် လုပ်ငန်းရှင်များ၊ စိတ်တူကိုယ်တူ ပူးပေါင်းပါဝင်ဆောင်ရွက် လိုသူများက တတ်နိုင်သည့် အရင်းအနှီး များကိုထည့်ဝင်ပြီး အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ရန် လိုအပ်ကြောင်း၊ အရင်းအနှီးငွေကြေး လိုအပ်နေသည့် ကျေးလက်ဒေသနေ တောင်သူလယ်သမားများ အနေဖြင့် သင့်လျော်သည့်လုပ်ငန်းများ ဆောင်ရွက် လုပ်ကိုင်နိုင်ရန် သင့်လျော်သော အရင်း အနှီးများကို ထုတ်ချေးသွားရန်ဖြစ် ကြောင်းဖြင့် ပြောကြားခဲ့သည်။

အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သည် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည့် ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြား သည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်း ခရိုင် အုပ်ချုပ်ရေးမှူးနှင့် သန်လျင် ကျောက်တန်း၊ သုံးခွနှင့် ခရမ်းမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများက ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာလုပ်ငန်းများ လက်တွေ့ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များ စိစစ်ဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီး က အရင်းအနှီးမဲ့သည့် လက်လုပ် လက်စားများ အရင်းအနှီးများရရှိရန် သက်ဆိုင်ရာ မြို့ပေါ်နေ လုပ်ငန်းရှင်များ၊ စီးပွားရေး အားကောင်းသူများက အရင်း အနှီးများ ထည့်ဝင်မတည်ပြီး ဝါသနာ ပါသူ၊ စိတ်တူကိုယ်တူရှိသူများ၏ ပူးပေါင်း ပါဝင်မှုဖြင့် အသေးစားပုဂ္ဂလိက ငွေစု ငွေချေးလုပ်ငန်းများကို မြို့နယ်၊ ရပ်ကွက် အုပ်စုအလိုက် ထူထောင်ရန် ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက် ဝန်ထမ်းများ အလုပ်ကို စေတနာထားပြီး လုပ်ကိုင်

ရန်ကုန် ဇူလိုင် ၂၆

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိတိုင်းဒေသကြီး အင်ဂျင်နီယာ မှူးကြီးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန် တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံးမှ ဝန်ထမ်းများ၊ အထူးအဖွဲ့များ၊ ခရိုင် အဖွဲ့များ၊ မြို့နယ်အဖွဲ့များမှ ဝန်ထမ်း များအားတွေ့ဆုံ၍ အမှာစကားပြောကြား သည်။ **(အောက်ဝဲပုံ)**

တင်ပြ

ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဒုတိယ ဦးဆောင်ညွှန်ကြား ရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

စနစ်တကျဆောင်ရွက်

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ၊ စက်ယာဉ်ယန္တရားများ အခြေအနေနှင့် လမ်းများ ပျက်စီးမှုမရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ် တကျဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီး က မိမိတို့ တာဝန်ယူဆောင်ရွက်သည့် အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် အလုပ်ကို စေတနာထားပြီး လုပ်ကိုင် ဆောင်ရွက်ရန်နှင့် အုပ်ချုပ်ရေးစနစ် ကောင်းမွန်စေရေးနှင့် လာဘ်ပေး လာဘ်ယူကင်းစင်ရေးတို့ကို အလေးထား လိုက်နာသွားကြရန် စသည်ဖြင့် ရှင်းလင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား အိန္ဒိယသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား အိန္ဒိယသမ္မတနိုင်ငံ National Hydro-electric Power Corporation Limited (NHPC) Chairman and Managing Director Mr. A. B. L. SHRIVASTAVA နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထမံသီ၊ ရွှေဇာရေး ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာ၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

(အောက်ပုံ)(သတင်းစဉ်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဇူလိုင် ၂၆

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ၁၂ နာရီခွဲ တိုင်းထွာချက်များအရ မော်လိုက်မြို့၌ ၁၂၆၆ စင်တီမီတာနှင့် ကလေးဝမြို့တွင် ၁၅၇၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၆ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်)နှင့် ၂၈ စင်တီမီတာ (တစ်ပေခန့်) အသီးသီး ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်များဖြစ်သော ၁၂၃၀ စင်တီမီတာနှင့် ၁၅၅၀ စင်တီမီတာ အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

မြန်မာ့ ရုပ်မြင်သံကြား

၂၇-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ **ငါးရစ်မျိုးငါး တို့မစား**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ သီချင်းကြီးပဒေသာ
- ၅:၁၀ ၇။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅:၂၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၀ ၉။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
- ၆:၄၅ ၁၃။ ရွှေရင်ခုန်သံ
- ၇:၁၅ ၁၄။ **(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပြင်ဆင်မှုများ** (တိုက်ကွမ်ဒို)
- ၇:၄၅ ၁၅။ အေဝမ်းစိုးမြင့်ဝိုင်းသံစုံတူရိယာ ဖျော်ဖြေခန်း
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၇၉)
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **လွန့်လွန့်လွန်း** မိုးအောင်ရင်၊ နန်းဆုရတီစိုး (ဒါရိုက်တာ-ညီညီထွန်းလွင်)

မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ အရည်အသွေး အဆင့်အတန်းကို အများပြည်သူများ သိရှိနိုင်စေရန်နှင့် ဈေးကွက်ချဲ့ထွင် တိုးတက် ရရှိစေရန် ရည်ရွယ်ချက်များဖြင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက မြန်မာ့ စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကို ဇူလိုင် ၂၂ ရက်မှစ၍ ကြီးမှူးကျင်းပခဲ့ရာ ယနေ့ တွင်လည်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ပြည်သူ များစိတ်ဝင်တစားလာရောက်ကြည့်ရှုလေ့လာ ဝယ်ယူအားပေးကြသည်ကို တွေ့ရသည်။

ခင်းကျင်းပြသ

ပြပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းတို့မှ ထုတ်လုပ်သည့် စက်မှုထုတ်ကုန်အမျိုးမျိုးနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁)အထွေထွေ အကြီးစား စက်မှုလုပ်ငန်း၊ အမှတ်(၂)အထွေထွေအကြီးစားစက်မှုလုပ်ငန်းတို့မှ ထုတ်လုပ်သော စက်မှုထုတ်ကုန်ပစ္စည်းများကို လက်လီလက်ကား ဝယ်ယူလိုသူများ အတွက် ယခင်နေ့များအတိုင်း စုံလင်စွာ ခင်းကျင်းပြသခဲ့သည်။

အောင်မြင်စွာကျင်းပ

ထို့ပြင် ပြပွဲသို့လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူအားပေးကြသူများ စိတ်အေး ချမ်းမြေ့စွာ ကြည့်ရှုလေ့လာဝယ်ယူနိုင်စေရန် ပျော်ရွှင်စရာအစီအစဉ်များကို ဆောင်ရွက်ပေးခဲ့ပြီး ဗလာမပါကံစမ်းမဲများကိုလည်း စီစဉ်ပေးခဲ့ကြောင်းနှင့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကို ညနေ ၄ နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သန်လျင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအားတွေ့ဆုံ၍ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရေးနှင့် အခြားဆက်စပ်ဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရေး မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်း၌ ဒေသခံ ပြည်သူများအား အိမ်ထောင်စုလူဦးရေ စာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်းစိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ (ဓါတ်ပုံ)

ဖြေကြား

ထို့နောက် ဒေသခံပြည်သူများက မရှင်းလင်းသည့် အချက်များ၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဈေးဟောင်းရွှေနားကပ်တစ်ရန် အပ်နှံသည့်အတွက် ဆုကြေးငွေပေးအပ်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူး-စကုမြို့နယ် ရေပေါ်လေးကျေးရွာနေ ဒေါ်အေးပိုင်က ဘိုးဘွားပိုင်ပစ္စည်းဖြစ်သော ရှေးဟောင်းရွှေနားကပ်တစ်ရန် (နောက်ပိတ်တစ်ဖက်မပါ) လာရောက်အပ်နှံသည့်အတွက် ဆုကြေးငွေ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ရှေးဟောင်းသုတေသန၊အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ကိုယ်စား ရန်ကုန်ဌာနခွဲမှညွှန်ကြားရေးမှူး ဦးအောင်နိုင်မြင့်က ယခုကဲ့သို့ရှေးဟောင်းရွှေထည်ပစ္စည်းများ တာဝန်သိစွာ လာရောက်အပ်နှံခဲ့မှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ လာရောက်အပ်နှံသည့် ဘိုးဘွားပိုင်ရွှေထည်ပစ္စည်းအား နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းပစ္စည်းများ၏ မူလတန်ဖိုးပေါ်တွင် ခေတ်ကာလတန်ဖိုးနှင့် လက်ရာတန်ဖိုးများထပ်ဆောင်းလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုက်တန်စွာဆုကြေးငွေချီးမြှင့်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးက ဘိုးဘွားပိုင်ပစ္စည်းဖြစ်သော ရှေးဟောင်းရွှေနားကပ်တစ်ရန်(နောက်ပိတ်တစ်ဖက်မပါ)ရွှေအလေးချိန် ၂၁ ဒသမ ၅၀ဂရမ်ကို အပ်နှံသော ဒေါ်အေးပိုင်အား ဆုကြေးငွေကျပ် ၈၈၆၀၆၈နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှေးဟောင်းပစ္စည်း အပ်နှံခဲ့သည့် ဒေါ်အေးပိုင်က ဘိုးဘွားပိုင် ရှေးဟောင်းပစ္စည်းကို အပ်နှံခဲ့မှုအတွက် ယခုကဲ့သို့ နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိရပ်ရွာဒေသတွင်လည်း ရှေးဟောင်းပစ္စည်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သို့ တာဝန်သိစွာ လာရောက်အပ်နှံကြရန် ထပ်ဆင့်အသိပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန အနေဖြင့် ရှေးဟောင်းပစ္စည်းများ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊အထိမ်းအမှတ်အဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဥပဒေများ ပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ဆုချီးမြှင့်၍ စုဆောင်းခြင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက် ဦးစီးဌာနအောက်ရှိ ပြတိုက်များနှင့် အမျိုးသားပြတိုက်တို့တွင် ပြသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျောင်းသုံး ဗလာစာအုပ်နှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက်က အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးမြင့်ဟန် အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လွင်က တက္ကသိုလ်အဆင့်မှ အခြေခံပညာ မူလတန်းအဆင့်အထိ ကျောင်းသား ကျောင်းသူ ၁၁၂ ဦးအား ကျောင်းသုံး ဗလာစာအုပ်အပါအဝင် ပညာသင်စရိတ် ငွေကျပ် ၁၅၈၀၆၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ရောင်းချသောအသားများ သန့်ရှင်းလတ်ဆတ်ခြင်း ရှိ မရှိကို ဇူလိုင် ၁၀ ရက်က ဦးစီးအရာရှိ ဦးမျိုးဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးအားဆက်လက်လျော့နည်းနေမည်

နေပြည်တော် ဇူလိုင် ၂၆

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၅	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၃၁	၂၁	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၃၅	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၃	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၈	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၁	၂၁	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၆	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၃	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၃	၂၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၈	၂၀	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၄	၂၁	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၃	၂၂	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၆	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၃	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးအား ဆက်လက်လျော့နည်းနေမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဘာဝနာအကြောင်း သိကောင်းစရာ** တရားတော် (ဆရာတော်အရှင်ကဝိဓဇဓော်တိ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၉)
- ၈:၅၀ Activities in the City (ပြန်လည်ဝေဆာလာသော ပိတောက်နွယ်မဂ္ဂဇင်း)
- ၉:၀၀ လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်...
- ၉:၁၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
- ၉:၁၅ တင့်တယ်လှပခြင်းတို့ ဖန်တီးပေးသူ တိုးတိုး (ဝတ်စုံဒီဇိုင်းနှင့်မိတ်ကပ် ထူးချွန်ပညာရှင်) (အပိုင်း-၁)
- ၉:၅၀ အားကစားမြင်ကွင်းစုံ
- ၁၀:၁၅ JAPAN VIDEO TOPICS (Flea Markets for Fun)
- ၁၀:၂၀ ဖန်တီးသူ၏ ပညာစွမ်းမှသည်... လှပသောဘဝများဆီသို့
- ၁၀:၄၅ ဓာတ်ပုံထဲမှအမှတ်တရများ (အေသင်ချိုဆွေ)
- ၁၁:၁၅ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မရမ်းချောင်းမေတ္တာပရဟိတဂေဟာ)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ရန်ကုန်မြင်ကွင်းကျယ် ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ(ထောက်ကြန့် မိဘမဲ့ကလေး ထိန်းသိမ်းစောင့်ရှောက်မှုဂေဟာ)
- ၁၂:၂၅ စားချင်စဖွယ်နည်းအသွယ်သွယ် (နာနတ်ရည်စိမ် ဝက်နံရိုးကြော်နှင့် ကဏန်းကြက်ဥကြော်)
- ၁၂:၅၀ **ဘာဝနာအကြောင်း သိကောင်းစရာ** တရားတော် (ဆရာတော်အရှင်ကဝိဓဇဓော်တိ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **(တပည့်မွေးတာကောင်းတယ်၊ တပည့်မမွေးတာကောင်းတယ်)**
- ၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၇)
- ၄:၁၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၉)
- ၅:၁၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **လာထားအာဘွား-၂**
- ၅:၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ အားကစားနှင့်ဆက်နွှယ်သော ပခုံးအဆစ်ထိခိုက်ဒဏ်ရာရခြင်း ကျန်းမာရေးဟောပြောပွဲ (Raffles Hospital)
- ၆:၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၇၈)
- ၇:၂၀ Cartoon Show Time (BATTLE FOR TERRA)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (အမျိုးသားသွေးဌာန ရန်ကုန်)
- ၈:၄၅ သင်ကြားရေးလမ်းညွှန် (TECH Training Centre)
- ၉:၁၀ Celebrity Style (မယ်လိုဒီ)
- ၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၀)
- ၁၀:၃၀ **14th Fina World Championships Shanghai 2011**
- ၁၁:၃၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကုက္ကိုင်းရိပ်သာလမ်းက မှန်အိမ်ကလေး)
- ၁၁:၅၅ Industrial Talk
- ၁၂:၁၅ World of Knowledge (Seconds from Disaster: Alpine Tsunami)
- ၁:၀၅ တေးဂီတအစီအစဉ်
- ၁:၂၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စာရေးဆရာနီကိုရဲ)
- ၁:၅၅ **လှေကားသုံးထစ်ဆင်းတဲ့အခါ** မင်းသူ၊ အရိုင်း၊ အေးသီတာ ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
- ၂:၀၅ Box Office Movies (Watch Men)
- ၂:၂၅ ရှမ်းမြောက်မြေက...မွေးကြိုင် သင်းပျံ့...ဝူးလုံရန့်
- ၂:၃၅ ဒို့တိုင်းဌာနီဧရာဝတီ (ဧရာဝတီတိုင်းဒေသကြီး၏ ဆီထွက်သီးနှံပင်များ)
- ၃:၁၀ ‘ရွှေဖြူ’ ဟု ခေါ်သည် (အပိုင်း ၁)
- ၃:၃၀ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
- ၃:၅၅ ဟူးကောင်ချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
- ၄:၁၅ ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲ...ဝတ်မယ်ထာဝစဉ်
- ၄:၃၀ အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များတွင် အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ သတ္တုတွင်းဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စု ပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက အမှတ်(၂) စက်မှုဝန်ကြီး ဌာနအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ သတ္တုတွင်းဝန်ကြီး ဌာနအသင်းက ပညာရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ အလုပ်သမားဝန်ကြီး ဌာနအသင်းက သာသနာရေးဝန်ကြီး ဌာနအသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင် ၂၇ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁)နေပြည်တော်အားကစားကွင်း ၌ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်း၊ အမှတ်(၂)နေပြည်တော် အားကစားကွင်း၌ အားကစားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်း၌ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

(၂၄)ကြိမ်မြောက်တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့က အနိုင်ရရှိပြီး အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့က အနိုင် ရရှိသွားကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက် (ယနေ့)ပွဲစဉ်များတွင် အမျိုးသား နှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲနှင့် အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

စားပွဲတင်တင်းနစ် ဝါသနာပါသူများသည် ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ စ၍ လာရောက်ကြည့်ရှုနိုင်သည်။ **(မြန်မာ့အလင်း)**

တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင်များ အကြိတ်အနယ် ယှဉ်ပြိုင်မှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)



ဆွေးနွေးပွဲတက်ရန် ဂျူဒိုအဖွဲ့ချုပ်အဖွဲ့ဝင်များ ပြည်ပထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၆

၂၀၁၁ ခုနှစ် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဂျူဒို ဒိုင်လူကြီး ဆွေးနွေးပွဲနှင့် စာမေးပွဲဖြေဆိုရန် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ ဦးထွန်းတင်ထူး (ရထားပို့ဆောင်ရေး)နှင့် မခင်ချမ်းမြေ့သူ (လယ်/ဆည်)တို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

တရုတ်၌ ကုန်တင်သင်္ဘော မီးလောင်ပေါက်ကွဲ မီးသတ်တပ်ဖွဲ့ဝင် လေးဦးအပါအဝင် ၁၂ ဦး ဒဏ်ရာရရှိ

ဖူကျိ ဇူလိုင် ၂၆

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်ပြည်နယ် ပင်းတန်ကျွန်းရှိ သင်္ဘောကျင်းတစ်ခု၌ ဇူလိုင် ၂၅ ရက်ညက တန်ချိန် ၅၀၀၀ ခန့်ရှိ ကုန်တင်သင်္ဘောတစ်စင်း မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်လေးဦးအပါအဝင် ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ဇူလိုင် ၂၆ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

မှတ်ပုံတင်ထား

ပင်းတန်ကျွန်းရှိ ကန်အိုသင်္ဘောကျင်း၌ ဆိုက်ကပ်ကာ ပြင်ဆင်စစ်ဆေးမှုများပြုလုပ်နေသော ၎င်းသင်္ဘောသည် မတော်တဆမှုကြောင့် မီးလောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသင်္ဘောသည် တီယန်ကျင်းမြို့၌ မှတ်ပုံတင်ထားသော သင်္ဘောဖြစ်ပြီး သင်္ဘောပေါ်၌ သင်္ဘောသား ၂၁ ဦးပါရှိသည်။

ကယ်ဆယ်နိုင်

မီးလောင်မှုဖြစ်ပွားသည်နှင့် သင်္ဘောသား ၂၀ ကို ပထမဦးစွာ ဘေးကင်းရာသို့ ရွှေ့ပြောင်းပြီး သင်္ဘောရှိ အောက်ဆီဂျင်ဘူးများနှင့် ဓာတ်ငွေ့အိုးများကို အမြန်ဖယ်ရှားခဲ့သည်။ သင်္ဘောမီးလောင်မှုတွင် မီးသတ်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ပြီး နောက်ဆုံးကျန်ရှိသည့် သင်္ဘောသားတစ်ဦးကိုလည်း ဆက်လက်ကယ်ဆယ်နိုင်ခဲ့သည်။

ပေါက်ကွဲ

မီးလောင်မှုဖြစ်ပွားရခြင်းမှာ သင်္ဘောကျင်းလုပ်သားများ ပြင်ဆင်မှုပြုလုပ်ရာတွင် ဓာတ်ငွေ့ပိုက်ကျိုးပြတ်ရာမှ မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မော်ရိုကိုစစ်ဘက်လေယာဉ်ပျက်ကျ ၇၈ ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

ရာဘတ် ဇူလိုင် ၂၆

မော်ရိုကိုနိုင်ငံတောင်ပိုင်း တောင်တန်းဒေသတွင် ဇူလိုင် ၂၆ ရက်က စစ်ဘက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၇၈ ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း မော်ရိုကိုသတင်းဌာန အမ်အေပီမှ သတင်းထုတ်ပြန်သည်။

ပျက်ကျ

အဆိုပါ လေယာဉ်မှာ မော်ရိုကိုတော်ဝင် ကြည်းတပ်မတော်မှ စီ-၁၃၀ ဂျက်ဖ်လေယာဉ်ဖြစ်ပြီး တပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို တင်ဆောင်ပျံသန်းလာစဉ် မော်ရိုကိုမြို့တော် ရာဘတ်၏အနောက်တောင်ဘက် ကီလိုမီတာ ၈၃၀ခန့်ရှိ ဂွီလ်မီးဒေသ လေတပ်အခြေစိုက်စခန်းသို့ ဆင်းသက်ရန်ကြိုးစားစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

မော်ရိုကို တပ်ဖွဲ့ဝင် ၆၀၊ အရပ်သား ၁၂ဦးနှင့် လေယာဉ်အမှုထမ်း ကိုးဦးကို တင်ဆောင်လာသော ၎င်းလေယာဉ်သည် မော်ရိုကိုနိုင်ငံ ဒက်ခ်လာမြို့မှ ကီနီတရာမြို့သို့ ဦးတည်ပျံသန်းလာစဉ် ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ချီလီမိုင်းတွင်းပိလုပ်သားများအကြောင်း ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၆

ချီလီနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က မြေအောက်၌ ၆၉ ရက်ကြာပိတ်မိနေခဲ့ရာမှ ပြန်လည်လွတ်မြောက်လာခဲ့သော မိုင်းလုပ်သား ၃၃ ဦးတို့၏အဖြစ်အပျက်များကို ရုပ်ရှင်ရိုက်ကူးရန် မိုင်းတွင်းလုပ်သား၏ အကျိုးဆောင်အဖွဲ့က ဆုံးဖြတ်လိုက်ကြကြောင်း ဇူလိုင် ၂၅ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ပြောကြား

ထိုသို့ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ခွင့်ကို အော်စကာဆုအတွက် ပဏာမအမည်စာရင်းအထိ ရွေးချယ်ခံခဲ့ရသည့် ရုပ်ရှင်ထုတ်လုပ်သူ မိုက်မီဒါဗ့်ွင်းသို့ ရောင်းချမည်ဖြစ်ကြောင်းနှင့် မြေအောက်မှ အံ့သြဖွယ်ရာ ကယ်ဆယ်ခဲ့မှု အသေးစိတ်ဖြစ်ရပ်များကို လာမည့်နှစ်မှ စတင်ကာ ရိုက်ကူးမည်ဖြစ်ကြောင်း အဆိုပါ မိုင်းလုပ်သားများ၏ အကျိုးဆောင်အဖွဲ့က ဆက်လက်ပြောကြားသည်။

ရုပ်ရှင်ထုတ်လုပ်သူ မိုက်မီဒါဗ့်ွင်းမှာ (၈၃)ကြိမ်မြောက် အော်စကာဆု ရွေးချယ်ချီးမြှင့်ပွဲ၌ ၎င်းထုတ်လုပ်ထားသည့် Black Swan ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ထုတ်လုပ်သူဆုအတွက် ပဏာမအမည်စာရင်းတွင် ရွေးချယ်ခံထားရသူဖြစ်သည်။ "မြေအောက်မှ မိုင်းလုပ်သားများ ကယ်တင်မှုတွေကို သည်းထိတ်ရင်ဖိုစွာ ပရိသတ်အာရုံဖမ်းစားနိုင်အောင် အသေးစိတ်ရိုက်ကူး ထုတ်လုပ်သွားမှာဖြစ်ပါတယ်၊ ကမ္ဘာတစ်ဝန်းမှ ပရိသတ်သန်းပေါင်းများစွာ စိတ်ဝင်စားကြလိမ့်မယ်လို့ထင်ပါတယ်" ဟု ရုပ်ရှင်ထုတ်လုပ်သူ မိုက်မီဒါဗ့်ွင်းက ပြောကြားသည်။

ဖြစ်ရပ်ဆန်း

ထို့အပြင် ယင်းအဖြစ်အပျက်သည် ချီလီပြည်သူများ၏ မလျှော့သော ဇွဲလုံ့လအတွက် အကောင်းဆုံးမှတ်တမ်းတင်ခြင်းတစ်ခုဖြစ်ကြောင်း၊ လူသားတို့၏ စိတ်ဓာတ်အားမာန်ကြောင့် အောင်မြင်မှုရရှိခဲ့သော ဖြစ်ရပ်ဆန်းတစ်ခုပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အသက်ရှင်ခဲ့

တစ်ဖန် ဆန်ဂျို့မိုင်းတွင်းမြေအောက်၌ မိမိတို့မည်သို့ နေထိုင်အသက်ရှင်ခဲ့သည်ကိုလည်း ရုပ်ရှင်အဖြစ်မြင်တွေ့ရမည်ဖြစ်ရာ ပြော၍မကုန်နိုင်သော ကျွန်ုပ်တို့၏ သမိုင်းဝင် ဇာတ်လမ်း ဖြစ်လာမည်ဖြစ်ကြောင်း ပိတ်မိလုပ်သားတစ်ဦးဖြစ်သူ ဂျွန်အင်ဒရိစ်အီလာနက်စ်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

ချီလီနိုင်ငံ ဆန်ဂျို့မိုင်းတွင်းအောက်မှ ပိတ်မိနေသော မိုင်းလုပ်သားများကို ကယ်ဆယ်ခဲ့စဉ်က မြင်ကွင်း - - -။

ရခိုင်ပြည်နယ် ဥပဒေချုပ်ရုံး စုပေါင်းလှူဒါန်းပွဲကျင်းပ

စစ်တွေ ဇူလိုင် ၂၆

ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများ၏ ဒုတိယအကြိမ် စုပေါင်း လှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက်က ပြည်နယ်ဥပဒေချုပ်ရုံး စစ်တွေမြို့၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဥပဒေချုပ်ဦးလှသိန်း၊ ပြည်နယ်ဥပဒေအရာရှိ ဦးဟန်ညိမ်း၊ ရခိုင်ပြည်နယ် ခရိုင်နှင့်မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြ ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၄ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျော်ဖြူ အမှာစကားပြောကြားစဉ်။ (ဝ၂၃)

စာအုပ်စာပေ လူ့မိတ်ဆွေ

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ယာဉ်မောင်းများ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၂၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ယန္တရားမောင်း၊ ယာဉ်မောင်းများ လုပ်ငန်းခွင် စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာန (ပေါင်းလောင်း) ရဲရွာခန်းမ၌ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ ဌာနခွဲများနှင့်စီမံကိန်းများမှ သင်တန်းသား ၂၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပျိုးပွဲ မလှိုင်မြို့၌ကျင်းပ

မလှိုင် ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီး မလှိုင် မြို့နယ် ကျေးလက်အိမ်ရာထူထောင်ရေး စီမံချက်အရ တစ်ရွာတစ်ဧက သစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၂၄ ရက် နံနက်ပိုင်းက မလှိုင်မြို့ ခရိုင်ချင်းဆက် လမ်းဘေး ကျင်းသာ(အရှေ့)ကျေးရွာ မိုင်တိုင်အမှတ် (၃၄/၅) နှင့် ကံကြီး(တောင်) ကျေးရွာ မိုင်တိုင်အမှတ် (၃၄၆/၆) တို့၌ ကျင်းပ သည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီး ဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များ၊ ကျင်းသာ၊ ကံကြီးကျေးရွာအုပ်ချုပ် ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ ယူကလစ်ပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုး ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၈၃)

နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများ ဇီးကုန်း၌ တပ်ဆင်အသုံးပြုလျက်ရှိ

ဇီးကုန်း ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် သာပေါင်းအုပ်စု သာပေါင်းကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်မှ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အရ အမှတ်(၂)စက်မှုဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသော နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများနှင့် ဘက်ထရီအိုးအစုံ ၆၄စုံ တပ်ဆင်ပေးခဲ့ရာ အိမ်ခြေစုစုပေါင်း ၆၄လုံး မီးလင်းလျက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ပလက်ဝ-မတူပီ လမ်းဘေးဝဲယာ သန့်ရှင်းရေးနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်းကို ဇူလိုင် ၁၂ ရက်က အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်လွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့သာယာလှပရေး ကသာမြို့နယ်၌ ဆောင်ရွက်

ကသာ ဇူလိုင် ၂၆

ကသာမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ကသာ-အင်းတော် လမ်းဘေးဝဲယာတစ်လျှောက်တွင် ပလက်ဖောင်းကပ်တုံးများ ပြုလုပ် ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာတွင် မြက်ဖြတ်စက်ဖြင့် မြက်ဖြတ်ခြင်း စသည့် လုပ်ငန်းများကို ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဇူလိုင် ၂ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကွင်းဆင်းကြီးကြပ်ခဲ့ ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြဝတီရုပ်မြင်သံကြား

၂၇-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅	၃။	နိုင်ငံတော်သီချင်း
၇း၁၀	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၃	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	လျှပ်တစ်ပြက်
၄း၃၀	၇။	အမျိုးသားရေးတေးကဗျာ
၄း၄၀	၈။	ဇာတ်လမ်းတို
၄း၄၅	၉။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀	၁၀။	ရှေးဟောင်းသုတ
၅း၀၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၈၅)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၅။	Mail Box
၆း၃၅	၁၆။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၂)
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစုံအိမ်** (အပိုင်း-၄၆)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	ရယ်စရာပျော်စရာ ဟာသကဏ္ဍ **ရောဂါ** ကောင်းပြည့်၊ မျိုးမျိုးခိုင်၊ ခင်လှိုင်၊ ဒိန်းဒေါင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)
	၂၄။	အိုင်စီတီသုတ
	၂၅။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၃၇)
	၂၇။	**ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

ဝန်ထမ်းစွမ်းဆောင်ရည်မြှင့် သင်တန်းဆင်းပွဲ အလုံမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေး မှူးရုံးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့် သင်တန်း (၃/၂၀၁၁) ဆင်းပွဲကို ဇူလိုင် ၈ ရက်က အလုံမြို့နယ်ခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး ထူးချွန်ဆုရ ဝန်ထမ်းများနှင့် သင်တန်းအမှတ်စဉ် (၁/၂/ ၃/) တို့တွင် ထူးချွန်ပထမဆုရ အလုံမြို့နယ် **(ယာပုံ)**၊ ဒုတိယဆုရ ပန်းဘဲတန်းမြို့နယ်၊ တတိယဆု မရမ်းကုန်းမြို့နယ်တို့အား ဆုများ ချီးမြှင့်ခဲ့ ကြောင်း သိရှိရသည်။ (ဝ၄၂)

အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဗဟန်း မြို့နယ် အမှတ်(၁၃၅) ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင် ကျောင်း၏ အပတ်စဉ် (၄/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းကဲ့သို့ အပတ်စဉ် (၅/၂၀၁၁)သင်တန်းကို ဇူလိုင် ၂၅ ရက် က ဖွင့်လှစ်ခဲ့ပြီး မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ ဇာထိုးပန်းထိုး၊ ဘော်လီ/ ဘရာစီယာ၊ ကုတ်အကျႌ၊ ဘောင်းဘီ၊ စင်တီမီတာ(စက်ချုပ်) သိုးမွေး၊ မုန့်မျိုးစုံ၊ မြန်မာ အစားအစာ၊ တရုတ်အစားအစာ၊ ပန်းအလှပြင် ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်း၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုး သင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်းနှင့် (စနေ၊ တနင်္ဂနွေ) သင်တန်းများကို ဇူလိုင် ၃၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ် ကြောင်း သိရှိရသည်။ **(အိမ်တွင်းမှုသက်မွေး)**



ကဏန်းလုပ်ငန်းရှင်များအစုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ကုတ် ဇူလိုင် ၂၆

တောင်ကုတ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချ ရေးအတွက် ကဏန်းလုပ်ငန်းရှင်များအစုအဖွဲ့ကို ဇူလိုင် ၄ ရက်က ဖွဲ့စည်း ထူထောင်ထားရှိပြီးဖြစ်ရာ အဆိုပါ အစုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် အစုရှယ်ယာများ ထည့်ဝင်ခြင်း အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီခွဲက မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်ဆင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ငါးလုပ်ငန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်ရမည့်ကိစ္စများနှင့် အသင်းအဖွဲ့ဆိုင်ရာ စည်းမျဉ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူ လုပ်ငန်းရှင်များက အစုတစ်စုလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် အစုရှယ်ယာ ၇၇၅ စုထည့်ဝင်ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူအများစုအနေဖြင့် နိုင်ငံတော်၏ ပြည်သူ့ဆေးရုံ၊ ဆေးခန်းများကို အားကိုးအားထားပြုရဆဲဖြစ် ဆရာ ဆရာမများအပါအဝင် ကျန်းမာရေးဝန်ထမ်းများအားလုံး နှလုံးလှစေတနာဖြင့် ဆောင်ရွက်ပေး

မန္တလေးဆေးတက္ကသိုလ်ကြီးသည် ဆရာဝန်လောင်းများ လက်ခံသင်ကြားမွေးထုတ်ပေးရာ ဌာနကြီးဖြစ် ဆေးပညာရပ်များကို အမီလိုက်နိုင်ရန် ပညာသင်ကြားရေးအစီအစဉ်များ မျက်ခြည်မပြတ်ဖော်ဆောင်

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ယမန်နေ့ နံနက် ၁၁ နာရီတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ခါတ်မှန်ဌာန၊ ကင်ဆာရောဂါကုဌာနရှိ ခါတ်ရောင်ခြည်ကုသမှုဌာန၊ နှလုံးရောဂါအထူးကုဌာန၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ကုသဆောင်နှင့် ဖျားနာကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဌာနအလိုက် တက်ရောက်ကုသနေသော လူနာဦးရေနှင့် ကုသပေးနေမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယသမ္မတသည် (၅)ထပ် ဆေးကုသဆောင်သစ်ရှိ ဆေးပညာသင်ကြားရေးခန်းမဆောင်၌ မန္တလေးမြို့ရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ အရိုးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)၊ ကလေးဆေးရုံနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံတို့မှ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီးက ဆေးရုံကြီးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်တင်ပြသည်။

အားကိုးအားထားပြု

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၏ လက်ရှိပကတိအခြေအနေကို လေ့လာကြည့်ရှုရန်နှင့် နိုင်ငံတော်၏ ဆောင်ရွက်ပေးနိုင်မှုများကို သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသည် နှစ်ပေါင်း(၁၉) နှစ်ခန့် ရှိပြီဖြစ်ပြီး နှစ်များကြာညောင်းလာသော်လည်း ဆေးရုံရှိ ဆရာဝန် ဆရာမများ၏ ကြိုးစားကုသဆောင်ရွက်မှု၊ အဆင့်မြင့်ပြုပြင်ထိန်းသိမ်းမှုတို့ကြောင့် ယခုထက်တိုင် သစ်လွင်သပ်ရပ်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် မန္တလေးမြို့သာမက အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီးများ/ပြည်နယ်များရှိ ပြည်ထောင်စုတိုင်းရင်းသားအပေါင်းက လွန်ခဲ့သည့် နှစ်ပေါင်း(၆၀)ခန့်မှ စ၍ ယနေ့ထက်တိုင် အားကိုးအားထားပြု ကုသခဲ့ကြပါကြောင်း။

ဆေးခန်းများသို့ သွားနိုင်ကြသော လူနာများအတွက် ကောင်းမွန်သကဲ့သို့ ပုဂ္ဂလိကဆေးရုံ ဆေးခန်းများလည်း စီးပွားဖြစ်၊ ကုသိုလ်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်သင့်တော်သော ဝန်ဆောင်မှုဖြစ်ပါကြောင်း၊ စီးပွားရေးသက်သက် ဆောင်ရွက်ခြင်းမျိုးမဖြစ်ရန်လည်း ဥပဒေက ထိန်းချုပ်ထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထုအများစုအနေဖြင့် ကုန်ကျစရိတ် အနည်းအများအလိုက် နိုင်ငံတော်၏ ပြည်သူ့ဆေးရုံ၊ ဆေးခန်းများကို အားကိုးအားထားပြုနေရဆဲဖြစ်ပါကြောင်း၊ လက်ရှိကျင့်သုံးနေသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ကုသမှုစနစ်တွင် ငွေကြေးအသင့်အတင့်ရှိသူများကို သက်သာသောဈေးနှုန်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုများပေးလျက်ရှိပြီး ခါတ်မှန်ရိုက်ခ၊ ECG စမ်းသပ်ခ၊ ခါတ်ခွဲခန်းစမ်းသပ်ခမှရရှိသော ရန်ပုံငွေနှင့် သီးသန့်လူနာအခန်းခများမှ ရရှိသော ရန်ပုံငွေ စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းငွေနှင့် ဆေးရုံ ဆေးပဒေသာပင်မှရရှိသော အတိုးငွေ(၂)ရပ်ပေါင်း ရန်ပုံငွေ၊ နိုင်ငံတော်ကထောက်ပံ့ထားသော ဆေးဝါးတို့ဖြင့် ဆင်းရဲသောလူနာများကို အခမဲ့စောင့်ရှောက်ပေးနေခြင်းဖြစ်ပါကြောင်း။

စရိတ်မျှပေး ကျန်းမာရေးစနစ် ဝန်ဆောင်မှုမှရရှိသော ငွေနှင့်ဆေးပဒေသာပင်၏ရန်ပုံငွေ များပြားသောဆေးရုံများအနေဖြင့် ဆင်းရဲနွမ်းပါးသော လူနာများကို အတော်အသင့် အခမဲ့ကုသမှုပေးနိုင်သော်လည်း ယင်းသို့သော

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)ရှိ သားဖွား၊ မီးယပ်ကုသဆောင်၌ တက်ရောက်ကုသနေကြသော လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ယနေ့ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နည်းလမ်းနှစ်သွယ်ဖြင့် ပေးနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းတို့မှာ နိုင်ငံတော်ကပေးသော ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် ပုဂ္ဂလိကအခန်းကဏ္ဍကပေးသော ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတို့ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်သူလူထုအများစုသည် ဆင်းရဲနွမ်းပါးကြပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍကပေးသော ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သည့် ပုဂ္ဂလိကဆေးရုံနှင့် ဆေးပေးခန်းများသည် တတ်နိုင်သော ပြည်သူလူထုအချို့အတွက် ငွေကုန်ကြေးကျမှု အထိုက်အလျောက်ရှိသော်လည်း ဝန်ဆောင်မှုကောင်းမွန်သဖြင့် ယင်းပြင်ပဆေးရုံ

ရန်ပုံငွေရရှိမှု နည်းပါးသည့် ဆေးရုံများတွင် နိုင်ငံတော်က ပံ့ပိုးပေးထားသော ဆေးဝါးမှလွဲ၍ အခမဲ့ကုသမှု များစွာမရှိသေးပါကြောင်း၊ ဆင်းရဲနွမ်းပါးသော လူနာများအတွက် လိုအပ်သောဆေးဝါးအပြည့်အစုံကို ကျန်းမာရေးဝန်ထမ်းများက အမြဲတမ်းအပြည့်အဝမပေးနိုင်ကြသော်လည်း ဝန်ထမ်းများ၏ စေတနာ မေတ္တာတို့ဖြင့် စောင့်ရှောက်မှုမျိုးကို အမြဲပေးနိုင်သော အခြေအနေရှိသည့်အတွက် ဆရာ ဆရာမများအပါအဝင် ကျန်းမာရေးဝန်ထမ်းများအားလုံး နှလုံးလှစေတနာဖြင့် ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများကို တိုင်းဒေသကြီး/ပြည်နယ်များ၌ တိုးချဲ့ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ နိုင်ငံတစ်ဝန်းလုံး ဆေးရုံကြီးငယ် ၉၂၉ ရုံ တည်ဆောက်ပေးခဲ့ပြီး ပုဂ္ဂလိကဆေးရုံ ၁၀၃ ရုံ၊ အထူးကုဆေးခန်း ၁၉၂ ခန်းတို့ကို စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ ကျန်းမာရေး ဝန်ဆောင်မှု စောင့်ရှောက်မှုပေးခြင်းနှင့် နိုင်ငံတော်အစိုးရကပေးသော ကျန်းမာရေးစောင့်ရှောက်မှုတို့ ယှဉ်ပြိုင်နိုင်ရန် ဥပဒေနှင့်အညီ ဆက်လက်အားပေးသွားမည်ဖြစ်ပါကြောင်း။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသည် လူမျိုးပေါင်းစုံ၊ လူနာပေါင်းစုံ ၂၄ နာရီ ဝင်/ထွက်သွားလာရာ နေရာဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များပါဝင်သော စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆေးရုံတွင်း/ပြင် သန့်ရှင်းသပ်ရပ် သာယာလှပစေရန် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဤဒေသနှင့် ကိုက်ညီသော အရိပ်ရပင်၊ ပန်းပင်များ တတ်နိုင်သလောက် စိုက်ပျိုးသွားကြရန် လိုအပ်ပါကြောင်း။

ဆရာဝန် ဆရာမများအပါအဝင် ဝန်ထမ်းများအားလုံး ဆေးရုံတက်လူနာများအား စေတနာအရင်းခံဖြင့် ကိုင်တွယ်ပြုစုနေရသကဲ့သို့ လူနာများမှတစ်ဆင့် ဝန်ထမ်းများအား ရောဂါမကူးစက်စေရန် ဂရုစိုက်ကြရန်လိုပြီး လိုအပ်သော အကာအကွယ်ပစ္စည်းများ အပြည့်အဝသုံးစွဲကြရန်နှင့် ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ သွေးလက်ခံရာဌာနတွင် သွေးအလှူရှင်ထံမှ လက်ခံရရှိသော သွေးနှင့် လူနာများအားထုတ်ပေးရသော သွေးတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

သင်ကြားပေး

မန္တလေးဆေးရုံကြီးသည် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသကဲ့သို့ နောင်တစ်ခေတ်တွင် ပြည်သူလူထုများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ဆရာဝန်လောင်း၊ သူနာပြုဆရာမလောင်းများအတွက် လက်တွေ့စာတွေ့ သင်ကြားမှုကိုလည်း ပေးနေရသည့် ဆေးရုံကြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လက်တွေ့ စာတွေ့သင်ကြားမှုကို တာဝန်ယူဆောင်ရွက်ပေးနေကြသည့် ဆရာကြီး ဆရာမကြီးများအနေဖြင့် ကျောင်းသား ကျောင်းသူများကို အမှန်တကယ် တတ်မြောက်သော၊ အရည်အချင်းပြည့်ဝသော ဆရာဝန်လောင်း၊ ဆရာမလောင်းများဖြစ်အောင် သင်ကြားပေးကြရန် တိုက်တွန်းလိုပါကြောင်း။

"ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ထိရောက်သည်" ဆိုသကဲ့သို့ ဆေးရုံကြီးသို့ အကြောင်းအမျိုးမျိုး၊ ရောဂါအမျိုးမျိုးဖြင့် ရောက်ရှိလာကြသော လူနာများကို ကုသမှုတစ်မျိုးတည်းပေးရုံဖြင့် မလုံလောက်တော့ဘဲ လူနာများအား ကျန်းမာရေးအသိကိုပါ တစ်ပါတည်း ဟောပြောပညာပေးရန်လည်း လိုအပ်လာပါကြောင်း။

ကျန်းမာရေးဝန်ထမ်းများ၏ လိုအပ်ချက်ဖြစ်သည့် သာရေး၊ နာရေး၊ လူမှုရေးတင်ပြချက်များကို အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးပြီး မန္တလေးဆေးရုံကြီး၏ အတွင်းအပြင်လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးတို့ကို စီမံချက်ဖြင့် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ်-မန္တလေးသို့ ရောက်ရှိပြီး တက္ကသိုလ်၌ ကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြားပေးနေမှု၊ စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှု၊ ဓာတုဗေဒဓာတ်ခွဲခန်း၌ ကျောင်းသား ကျောင်းသူများ လက်တွေ့သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ်ဒေါက်တာသန်းဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတသည် စာသင်ခန်းမ၌ တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပါမောက္ခချုပ်က သင်ကြားပေးလျက်ရှိသော ဘာသာရပ်များ၊ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့သင်တန်းများတွင် တက်ရောက်လျက်ရှိသော သင်တန်းသားဦးရေ၊ ကျောင်းအဆောက်အအုံများနှင့် စာသင်ခန်းများ၊ ဆေးပညာသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမှုနှင့် စာတမ်းများ ထုတ်ဝေမှု၊ စာမေးပွဲကျင်းပမှုနှင့် ဘွဲ့အပ်နှင်းမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ကျောင်းသား ကျောင်းသူများ အရည်အသွေး မြင့်မားလာရေးအတွက် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် (၁၉၀၀)ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့်

မန္တလေးဆေးတက္ကသိုလ်ကြီးသည် တစ်နိုင်ငံလုံး[...]
လေးခုအနက် တစ်ခုဖြစ်ပါကြောင်း၊ ပြည်သူလူထု၏[...]
မှုပေးနိုင်ကြမည့် ဆရာဝန်လောင်းများ လက်ခံ[...]
ဌာနကြီးဖြစ်ပါကြောင်း၊ ဤဆေးတက္ကသိုလ် တ[...]
ဆရာဝန်သစ်လွင်ဦးရေ ဆယ်ဂဏန်းမျှသာ [...]
ယခုအခါ တစ်နှစ်လျှင် ၆၀၀ ကျော် မွေးထုတ်ပေး[...]
နိုင်ငံ ဆေးတက္ကသိုလ်အားလုံးမှ မွေးထုတ်ပေး[...]
အရေအတွက်မှာ တစ်နှစ်လျှင် ၂၀၀၀ ကျော်[...]

မွေးထုတ်လေ့ကျင့်

ယခုကဲ့သို့ တိုင်းကျိုးပြည်ပြုနိုင်မည့် လူသား[...]
ပြီး မွေးထုတ်လေ့ကျင့်ပေးနိုင်သည့်အတွက် ခေတ်[...]
များ၊ ဌာနမှူးများအပါအဝင် ဆရာ ဆရာမများ[...]

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်[...]
မန္တလေးစာသင်ခန်းမ၌ တက္ကသိုလ်မှ ဆရာ [...]
နှင့် တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။

ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိလူ[...]
ခန့် ရှိနေပြီဖြစ်ပါကြောင်း၊ ပြည်သူများအား ကျန်း[...]
ဆရာဝန်ပေါင်း သုံးသောင်းကျော်ရှိပြီး ယ[...]
နှစ်သောင်းတွင် ဆရာဝန်တစ်ဦးနှုန်း အချိုးရှိနေပြီ[...]
စောင့်ရှောက်မှုကဏ္ဍ တိုးတက်လာပြီဟု ဆိုရမည်[...]
များလည်း များစွာရှိနေပါကြောင်း။

အာဆီယံအိမ်နီးချင်းနိုင်ငံများနည်းတူ [...]
ပေးနိုင်သည့် ဆရာဝန်နှင့် လူဦးရေအချိုးအစား [...]
ဖြင့် ဆရာဝန်လောင်းများကို အရေအတွက်တိုး[...]
အတွင်း မွေးထုတ်ပေးခြင်း၊ စာသင်နှစ်များနှင့် သ[...]
တို့ကြောင့် လိုအပ်သော ဆရာဝန်အရေအတွက်[...]
ကျောင်းသား ကျောင်းသူနှင့် သင်ကြားသည့် ဆ[...]
မရှိခြင်း၊ အထောက်အကူပစ္စည်း လောက်ငမှုမရှိ[...]
နေထိုင်ရာ အဆောင်များ လုံလောက်မှုမရှိခြင်း၊ [...]
များပြားသည့်အတွက် သင်ခန်းစာကို အပြည့်အဝ[...]
မလိုအပ်သော ကျူရှင်စနစ်ပေါ်ပေါက်လာခြင်း၊ စမ်[...]
မမျှတမှုကြောင့် လက်တွေ့တွင် အခက်အခဲများ ရှိ[...]
ပေါင်းများစွာ ပေါ်လာခဲ့သည့်အတွက် အလျ[...]
လာပြီဖြစ်ပါကြောင်း။

မလိုလားအပ်သော ကျူရှင်စနစ်ပေါ်လာ[...]
ငွေကြေးအမြောက်အမြား ကျခံသုံးစွဲပေးသည်[...]
ကျောင်းသား ကျောင်းသူဘက်မှ ကျူရှင်အတွက်[...]
ငွေကုန်ကြေးကျပိုများခြင်း၊ မိမိကိုယ်တိုင် ကြိုးစာ[...]
ပြီး ဆရာကိုသာ မှီခိုအားကိုးလိုစိတ်ရှိလာသည့်[...]
အလာမကောင်းခြင်း၊ အတန်းထဲတွင် သင်ခန်းစ[...]
မသင်ယူနိုင်ခြင်း၊ မသင်ပေးနိုင်ခြင်းစသည်တို့ကြေ[...]
အသွေးများ လျော့ကျပြီး နိုင်ငံခြားတိုင်းပြည်[...]
ဝန်လေးလာခြင်း၊ နိုင်ငံ၏ပုံရိပ်များ ထိခိုက်လာခြင်း[...]
ယူရသော နောက်ဆက်တွဲ အကျိုးဆက်များဖြစ်[...]
စာကြည့်တိုက်၊ စာအုပ်၊ ဆရာ ဆရာမများ၊ [...]
အရည်အချင်းများ ပြည့်ဝအောင် ဆောင်ရွက်ရန် [...]

မန္တလေးဆေးတက္ကသိုလ်ကြီး၏ သင်ကြား[...]
အခဲ အမျိုးမျိုးကြားမှ တာဝန်ဝတ္တရားများကို ကြိုး[...]
ဝန်ထမ်းများကိုလည်း အမြဲမပြတ် ခန့်ထားဖြည့်စွ[...]

ထိုကဲ့သို့ ဆေးတက္ကသိုလ် သင်ကြားရေးဝန်[...]
မိခင်ဘာသာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး [...]
မည့် ဝန်ထမ်းများကိုသာ ခန့်ထားရန်လိုအပ်ပါ[...]
က ဘွဲ့လွန်သင်တန်းအမျိုးမျိုးကို သင်ကြားပေး[...]
ဘွဲ့လွန်များသည် အများအားဖြင့် အထွေထွေမ[...]
ဘွဲ့လွန်သင်တန်းများသာ ဖြစ်နေကြသဖြင့် ခန္ဓာ[...]
အလိုက်ပေးသော ဘွဲ့လွန်မျိုးသာမကဘဲ ယင်းတို့[...]
ကျသော Organ တစ်ခုချင်းအလိုက် မဟာနှင့် [...]
ပေးသွားနိုင်ရန် လိုအပ်သကဲ့သို့ ကမ္ဘာ့ဘွဲ့လွန်များ[...]
ကြိုးစားကြစေလိုပါကြောင်း၊ ဤကဲ့သို့ အဆင့်မြင့်[...]
ပေးနိုင်ရန်အတွက် ခေတ်မီသော စာကြည့်တိုက်၊ [...]
ဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း အဆင့်မြင့်[...]
လိုအပ်ပါကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲနေ[...]
အမီလိုက်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ပညာ[...]
ကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်သွားနိုင်[...]

မန္တလေးဆေးတက္ကသိုလ်ကြီးသည် တစ်နိုင်ငံလုံးတွင်ရှိသည့် ဆေးတက္ကသိုလ်လေးခုအနက် တစ်ခုဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးနိုင်ကြမည့် ဆရာဝန်လောင်းများ လက်ခံသင်ကြား မွေးထုတ်ပေးရာ ဌာနကြီးဖြစ်ပါကြောင်း၊ ဤဆေးတက္ကသိုလ် တည်ထောင်စဉ်က တစ်နှစ်လျှင် ဆရာဝန်သစ်လွင်ဦးရေ ဆယ်ဂဏန်းမျှသာ မွေးထုတ်ပေးနိုင်သော်လည်း ယခုအခါ တစ်နှစ်လျှင် ၆၀၀ ကျော် မွေးထုတ်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဆေးတက္ကသိုလ်အားလုံးမှ မွေးထုတ်ပေးနိုင်သည့် ဆရာဝန်လောင်း အရေအတွက်မှာ တစ်နှစ်လျှင် ၂၀၀၀ ကျော်ခန့် ရှိလာပြီဖြစ်ပါကြောင်း။

မွေးထုတ်လေ့ကျင့်

ယခုကဲ့သို့ တိုင်းကျိုးပြည်ပြုနိုင်မည့် လူသားအရင်းအမြစ်များကို ကြိုးစားပြီး မွေးထုတ်လေ့ကျင့်ပေးနိုင်သည့်အတွက် ခေတ်အဆက်ဆက်မှ ပါမောက္ခချုပ်များ၊ ဌာနမှူးများအပါအဝင် ဆရာ ဆရာမများ အားလုံးအတွက် ဂုဏ်ယူ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆေးတက္ကသိုလ်-မန္တလေးစာသင်ခန်းမ၌ တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် သန်းပေါင်း(၆၀)ခန့် ရှိနေပြီဖြစ်ပါကြောင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆရာဝန်ပေါင်း သုံးသောင်းကျော်ရှိပြီး ယေဘုယျအားဖြင့် လူဦးရေ နှစ်သောင်းတွင် ဆရာဝန်တစ်ဦးနှုန်း အချိုးရှိနေပြီဖြစ်သည့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍ တိုးတက်လာပြီဟု ဆိုရမည်ဖြစ်သော်လည်း လိုအပ်ချက်များလည်း များစွာရှိနေပါကြောင်း။

အာဆီယံအိမ်နီးချင်းနိုင်ငံများနည်းတူ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆရာဝန်နှင့် လူဦးရေအချိုးအစား တိုးတက်စေလိုသည့် စေတနာဖြင့် ဆရာဝန်လောင်းများကို အရေအတွက်တိုး၍ လက်ခံခြင်း၊ အချိန်တိုတိုအတွင်း မွေးထုတ်ပေးခြင်း၊ စာသင်နှစ်များနှင့် သင်ခန်းစာများ ချုံ့လိုက်ရခြင်းတို့ကြောင့် လိုအပ်သော ဆရာဝန်အရေအတွက်များ ရရှိလာနိုင်သော်လည်း ကျောင်းသား ကျောင်းသူနှင့် သင်ကြားသည့် ဆရာများ အချိုးအစားမျှတမှုမရှိခြင်း၊ အထောက်အကူပစ္စည်း လောက်ငမှုမရှိခြင်း၊ စာသင်ခန်းနှင့် တည်းခိုနေထိုင်ရာ အဆောင်များ လုံလောက်မှုမရှိခြင်း၊ ကျောင်းသား ကျောင်းသူများ များပြားသည့်အတွက် သင်ခန်းစာကို အပြည့်အဝမလိုက်နိုင်ကြခြင်းတို့ကြောင့် မလိုအပ်သော ကျူရှင်စနစ်ပေါ်ပေါက်လာခြင်း၊ စမ်းသပ်လူနာနှင့် သင်တန်းသား မမျှတမှုကြောင့် လက်တွေ့တွင် အခက်အခဲများ ရှိလာခြင်းစသော အခက်အခဲပေါင်းများစွာ ပေါ်လာခဲ့သည့်အတွက် အလျင်အမြန်ပြုပြင်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

မလိုလားအပ်သော ကျူရှင်စနစ်ပေါ်လာခြင်းကြောင့် နိုင်ငံတော်က ငွေကြေးအမြောက်အမြား ကျခံသုံးစွဲပေးသည့် တက္ကသိုလ်စရိတ်အပြင် ကျောင်းသား ကျောင်းသူဘက်မှ ကျူရှင်အတွက် ကုန်ကျသောစရိတ်ကြောင့် ငွေကုန်ကြေးကျပိုများခြင်း၊ မိမိကိုယ်တိုင် ကြိုးစားအားထုတ်လိုစိတ် လျော့ပါးပြီး ဆရာကိုသာ မှီခိုအားကိုးလိုစိတ်ရှိလာသည့်အတွက် နောင်တွင် အလားအလာမကောင်းခြင်း၊ အတန်းထဲတွင် သင်ခန်းစာများကို ကျေညက်အောင် မသင်ယူနိုင်ခြင်း၊ မသင်ပေးနိုင်ခြင်းစသည်တို့ကြောင့် အရည်အချင်း၊ အရည်အသွေးများ လျော့ကျပြီး နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရန် ဝန်လေးလာခြင်း၊ နိုင်ငံ၏ပုံရိပ်များ ထိခိုက်လာခြင်းတို့သည် တက္ကသိုလ်၌ ကျူရှင်ယူရသော နောက်ဆက်တွဲ အကျိုးဆက်များဖြစ်ပါကြောင်း၊ ကျူရှင်မယူဘဲ စာကြည့်တိုက်၊ စာအုပ်၊ ဆရာ ဆရာမများ၊ အင်တာနက်များ အားကိုးပြီး အရည်အချင်းများ ပြည့်ဝအောင် ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

မန္တလေးဆေးတက္ကသိုလ်ကြီး၏ သင်ကြားရေးဌာနများအနေဖြင့် အခက်အခဲ အမျိုးမျိုးကြားမှ တာဝန်ဝတ္တရားများကို ကြိုးစားဆောင်ရွက်နေကြသော ဝန်ထမ်းများကိုလည်း အမြဲမပြတ် ခန့်ထားဖြည့်စွက်နေရမည် ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ဆေးတက္ကသိုလ် သင်ကြားရေးဝန်ထမ်းအဖြစ် ခန့်အပ်ရာတွင် မိခင်ဘာသာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး တိုးတက်အောင် လုပ်ဆောင်မည့် ဝန်ထမ်းများကိုသာ ခန့်ထားရန်လိုအပ်ပါကြောင်း၊ ဆေးတက္ကသိုလ်ကြီးက ဘွဲ့လွန်သင်တန်းအမျိုးမျိုးကို သင်ကြားပေးရာတွင် အထူးပြုဘာသာရပ် ဘွဲ့လွန်များသည် အများအားဖြင့် အထွေထွေမဟာဘွဲ့လွန်၊ အထွေထွေပါရဂူဘွဲ့လွန်သင်တန်းများသာ ဖြစ်နေကြသဖြင့် ခန္ဓာကိုယ်၏ System တစ်ခုချင်းအလိုက်ပေးသော ဘွဲ့လွန်မျိုးသာမကဘဲ ယင်းတို့ထက် အတွင်းကျ၊ အသေးစိတ်ကျသော Organ တစ်ခုချင်းအလိုက် မဟာနှင့် ပါရဂူဘွဲ့လွန်များ သင်ကြားပေးသွားနိုင်ရန် လိုအပ်သကဲ့သို့ ကမ္ဘာ့ဘွဲ့လွန်များနှင့်လည်း ယှဉ်ပြိုင်နိုင်အောင် ကြိုးစားကြစေလိုပါကြောင်း၊ ဤကဲ့သို့ အဆင့်မြင့်ဘွဲ့လွန်သင်တန်း အမျိုးမျိုး ပေးနိုင်ရန်အတွက် ခေတ်မီသော စာကြည့်တိုက်၊ လုံလောက်သော ဆေးဘက်ဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း အဆင့်မြင့်တင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲနေသော ဆေးပညာရပ်များကို အမီလိုက်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ပညာသင်ကြားရေး အစီအစဉ်များကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင်း၊ ဌာနတွင်း ဆေးဘက်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို ဆောင်ရွက်နေမှုများနှင့်သာ တင်းတိမ်ရောင့်ရဲကျေနပ်မနေကြဘဲ အာဆီယံအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အခြားသော အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုးတက်မှုရှိနေစေရန် ဆောင်ရွက်သွားကြပါ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရေးအပြင် ဆရာ ဆရာမများ၊ ဝန်ထမ်းများ အပါအဝင် သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကိုလည်း မျက်ခြည်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပါမောက္ခ/ဌာနမှူးများက သင်ကြားရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြရာ ဒုတိယသမ္မတက အချို့သောကိစ္စရပ်များကို မိမိတက္ကသိုလ် အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်၍ရနိုင်ပြီး နိုင်ငံတော်ကဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုမူ ဆေးပညာသင်ကြားရေးအတွက်သာမက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအားလုံး တိုးတက်လာစေရန် ရည်ရွယ်ကျင်းပမည့် ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင်ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ညနေပိုင်းတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)သို့ ရောက်ရှိပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွေးဘဏ်နှင့်ခါတ်မှန်ဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ရွှေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဆေးရုံကြီးအနီးရှိ သားဖွားသင်တန်းကျောင်း(မန္တလေး)မှ ကျောင်းအုပ်ကြီးနှင့် သင်ကြားရေး ဆရာမများ၊ သင်တန်းသူများအား တွေ့ဆုံပြီး သင်တန်းဖွင့်လှစ်သင်ကြားနေမှု အခြေအနေကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံကြီးရှိ သားဖွား၊ မီးယပ်ကုသဆောင်တွင် တက်ရောက်ကုသနေသော လူနာများအား လှည့်လည်ကြည့်ရှုအားပေးပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအား ရောဂါဖြစ်ပွားမှုနှင့် ဆေးဝါးကုသပေးနေမှုတို့ကို ဆွေးနွေးမေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဖေသက်ခင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အလှူရှင် ဧဒင်အုပ်စုကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က အရေးပေါ်လူနာဌာနဉပစာ၌ ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ခွဲစိတ်ခန်းမနှင့် အထူးကြပ်မတ်ကုသဆောင်ရှိ ဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

အမွှေးနံ့သာပက်ဖျန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်တို့က ဆေးရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံကြီးရှိ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ကုသခန်း၊ ဖျားနာကုသဆောင် (၁)၊ သီးသန့်လူနာဆောင်နှင့် ဓာတ်ခွဲဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆေးရုံဖွင့်ပွဲ အခမ်းအနားအစီအစဉ်များကို ဆေးရုံရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ အလှူရှင် ဧဒင်အုပ်စုကုမ္ပဏီဥက္ကဋ္ဌက ဆေးရုံအဆောက်အအုံနှင့် ဆေးရုံသုံးပစ္စည်းများနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဧဒင်အုပ်စုကုမ္ပဏီနှင့် မြန်မာ့ရွှေဆောင်ဘဏ်မိသားစုတို့က ဆေးရုံကြီးအတွက် လူနာတင်ယာဉ် နှစ်စီးနှင့် ဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၃၀၀၀၊ Rising Sun Paint ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတေဇစောဦးနှင့် ဇနီး ဒေါ်နှင်းရည်မွန် မိသားစုတို့က ကလေးဆေးရုံသုံး Incubator နှင့် အလှူငွေကျပ်သိန်း ၂၀၊ ရောဝတီဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီးဒေါ်ငွေငွေခိုင်တို့က ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၂၀၀၊ စူပါကော်ဖီမစ် မိသားစုက ငွေကျပ်သိန်း ၁၁၀တန်ဖိုးရှိ ရေသန့်စင်စက်တစ်စုံ၊ Fresh Air Conditioning Systems & GK Power Systems Co., Ltd. မှ ဒါရိုက်တာ ဒေါ်ခိုင်ခိုင်မြင့်၊ မဟာအောင်မြင်သူကုမ္ပဏီများအုပ်စု၊ ဧရာဟသ်ာကုမ္ပဏီများအုပ်စု၊ MDG ကုမ္ပဏီ၊ မန်းရွှေလီကုမ္ပဏီနှင့် Myanmar Com Biz Co., Ltd. နှင့် Denko Trading Co., Ltd.တို့က ဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၁၀၀စီ၊ သိဃ်ရတနာမိသားစုနှင့် ကျော်ညီအစ်ကို မိသားစုတို့က ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မြင့်က လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြရာတွင် ယခု ခုတင် (၅၅၀) ဆံ့ ကလေးရောဂါအထူးကုဆေးရုံကြီး (မန္တလေး)ကို ယနေ့မှစတင်၍ ဖွင့်လှစ်အသုံးပြုနိုင်တော့မည်ဖြစ်သည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ရမည့် နေ့တစ်နေ့ဖြစ်ပါကြောင်း။

အထက်မြန်မာပြည်မှ ကလေးသူငယ်များ၊ မန္တလေးမြို့နှင့် နီးစပ်ရာမြို့နယ်များမှ ဒေသခံပြည်သူများ၏ ရင်သွေးငယ်များအတွက် လူနာဆောင်များကို ခေတ်နှင့်လျော်ညီစွာပုံစံရေးဆွဲ တည်ဆောက်ခဲ့ပြီး ဆရာဝန်၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများကို ဝန်ထမ်းပေါင်း ၇၀၁ ဦးဖြင့် ဖွဲ့စည်းခွင့်ပြုပေးခဲ့ပါကြောင်း၊ ယခုအခါ အထက်မြန်မာပြည်ရှိ ကလေးသူငယ်များအနေဖြင့် ယခင်ရှိပြီးမန္တလေးမြို့ ခုတင် (၃၀၀)ဆံ့ ကလေးဆေးရုံကြီးအပြင် ခုတင် (၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးရှိ ကလေးအထူးကု ဆရာဝန်ကြီးများနှင့် အချိန်မရွေး လွယ်လွယ်ကူကူ ပြသကုသနိုင်ကြတော့မည်ဖြစ်ပါကြောင်း။

တိုးတက်ဖွင့်လှစ်ပေး

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများအပါအဝင် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးခန်းများကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ စံကိုက်ဝန်ထမ်းဖွဲ့စည်းပုံတိုးမြှင့်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်၊ သူနာပြုများ ပိုမိုခန့်ထားပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်အထိ နယ်စပ်ဆေးရုံပေါင်း ၁၀၀၊ မြို့နယ်ခွဲဆေးရုံ ၈၂ ရုံအပါအဝင် ဆေးရုံပေါင်း ၉၃၈ ရုံအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ ကျန်းမာရေးအသုံးစရိတ်ကိုလည်း တိုးမြှင့်သုံးစွဲကာ ဆေးရုံများ၊ ကျန်းမာရေးဌာနများ တည်ဆောက်ပေးပြီး ဆေးပညာရှင်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းဖြစ်သည့် ကျန်းမာရေးလုပ်သားလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်း အထူးကုဆေးရုံ ၁၄ ရုံ၊ သင်ကြားရေး အထွေထွေ/အထူးကုဆေးရုံသုံးရုံ၊ ခုတင်(၃၀၀)ဆံ့ဆေးရုံ နှစ်ရုံ၊ ခုတင် (၂၀၀) ဆံ့ဆေးရုံ သုံးရုံ၊ ခုတင်(၁၀၀)ဆံ့ဆေးရုံ ခြောက်ရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံ ၁၄ ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ ၁၄ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၄၈ ရုံ စုစုပေါင်း ၁၀၄ ရုံ ရှိနေပြီ ဖြစ်ပါကြောင်း။

စောင့်ရှောက်ပေး

ဒေသခံပြည်သူများအနေဖြင့်လည်း ဆေးရုံလူနာဆောင်များ ရေရှည်တည်တံ့ခိုင်မြဲအောင်၊ အစဉ်သန့်ရှင်းသပ်ရပ်အောင် စည်းကမ်းရှိရှိ အသုံးပြုကြပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို စေတနာအလျောက် အကြံပြုပါဝင် စောင့်ရှောက်ပေးကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နယ်စပ်ဒေသများပါမကျန် လွှမ်းခြုံဆောင်ရွက်ပေးနေပါကြောင်း။

ယခုဖွင့်လှစ်လိုက်သော ကလေးရောဂါအထူးကုဆေးရုံကြီးကို ကုသရေးသာမက သင်ကြားရေး ဆေးရုံအဖြစ်လည်း အသုံးပြုမည်ဖြစ်သည့်အတွက် ဆေးပညာသင်ကြားပေးကြသော ပါမောက္ခများ၊ ကထိကများ၊ အထူးကု ဆရာဝန်ကြီးများက ကျောင်းသား ကျောင်းသူများ စာတွေ့ လက်တွေ့ ကျွမ်းကျင်စွာ တတ်မြောက်ရေး၊ အရည်အသွေးမြင့်မားရေး၊ စိတ်ဓာတ်သဘောထား ခံယူချက်ကောင်းမွန်ရေးအပြင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ လိုက်နာရေးအတွက်ပါ မိမိတို့ကိုယ်တိုင် စံနမူနာပြကျင့်သုံးပြီး မျိုးဆက်သစ်များကို လေ့ကျင့်သင်ကြားပေးကြစေလိုပါကြောင်း။

မှတ်တမ်းတင်ဂုဏ်ပြု

ယခုဆေးရုံသစ်ကြီးကို ဧဒင်အုပ်စုကုမ္ပဏီက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့သည့်အတွက် ဧဒင်အုပ်စုကုမ္ပဏီ၏ စေတနာကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် ကျေးဇူးလည်းတင်ရှိပါကြောင်း။

ထို့အပြင် ယခုကဲ့သို့ ကလေးအထူးကု ဆေးရုံသစ်ကြီးတစ်ခု ပေါ်ထွက်လာမှုအပေါ် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ယနေ့ ပါဝင်လှူဒါန်းပေးကြသော အလှူရှင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဧဒင်အုပ်စုကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အလှူရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြုပြင်တည်ဆောက်

အဆိုပါခုတင် (၅၅၀)ဆံ့ကလေးဆေးရုံကြီး(မန္တလေး)သည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၇လမ်းနှင့် ၂၈ လမ်းကြား၊ ၆၆ လမ်းနှင့် ၆၈ လမ်းကြားတွင် တည်ရှိပြီး ဧရိယာ ၉ ဒသမ ၅၇ ဧက ကျယ်ဝန်းသည်။ ယခင်မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးဝင်းနေရာကို ပြုပြင်တည်ဆောက်ခဲ့ပြီး အဆောက်အအုံဟောင်း ၃၇ လုံးအနက် ကြံ့ခိုင်မှု မရှိသော အဆောက်အအုံအချို့ကို ဖျက်သိမ်းပြီး အဆောက်အအုံ ၁၄ လုံးကို ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်၍ အဆောက်အအုံအလုံး ၂၀ ကို အသစ်တည်ဆောက်ခဲ့သည်။ ဆေးရုံရှိ အဆောက်အအုံစုစုပေါင်းမှာ ၃၄ လုံးဖြစ်သည်။

အဆိုပါ ဆေးရုံကြီးတွင် အဆောက်အအုံ ၃၄ လုံးရှိကာ ပြင်ပလူနာဌာန၊ အရေးပေါ်လူနာဌာန၊ ခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်းမနှင့် အထူးကြပ်မတ်ကုသဆောင်၊ ဖျားနာကုသဆောင်၊ သီးသန့်လူနာဆောင်၊ သီးခြားကုသဆောင်၊ ဓာတ်ခွဲဌာန၊ ဓာတ်မှန်ခန်း၊ အစည်းအဝေးခန်းမ၊ ဆေးရုံအုပ်ကြီးနေအိမ်နှင့် ဝန်ထမ်းအိမ်ရာများ၊ ကလေးအားကစားကွင်းတို့ကို ထည့်သွင်းတည်ဆောက်ထားပြီး ဧဒင်အုပ်စုကုမ္ပဏီက ငွေကျပ် ၅၂၁၁ ဒသမ ၆၃၆ သန်း အကုန်အကျခံကာ ပြုပြင်တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြည့်ရှု စစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)ရှိ အထူးကြပ်မတ်ကုသခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဇွန် ၃၀ ရက်က သာပေါင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေလွင်နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မုတ်သုံ (Monsoon)

နီနီအေး(ပထဝီဝင်)

ဒီနေ့ တနင်္ဂနွေ ရုံးပိတ်ရက်ဆိုတော့ ကျွန်မအိမ်အလုပ်တွေကို စက်ရုပ်တစ်ရုပ်လို လုပ်ရပါတော့မယ်။ တစ်ပတ်စာ လျှော်စရာအဝတ်တွေ၊ မီးပူတိုက်စရာတွေက အပုံလိုက်။ မေမေကတော့ အိမ်ရှေ့မှာ စိပ်ပုတီးစိပ်ရင်း နံနက်ခင်းရဲ့ လေကောင်းလေသန့်ကို ရှူရှိုက်နေပါတယ်။

"နီတာ. . . နီတာ" မေမေ့ရဲ့ ခေါ်သံကို ကြားလိုက်ရပါတယ်။

"မိုးဖွဲလေးတွေ ကျလာပြီဟော့၊ အဝတ်တွေကို ဆပ်ပြာမှုန့်မစိမ်လိုက်နဲ့နော်၊ အချိန်အခါမဟုတ် မိုးကရွာ လေကတိုက်နဲ့၊ အဲဒါ လူတွေကြောင့်ပေါ့၊ ဥတုတွေလည်း ဖောက်ပြန်ကုန်ပြီ ကမ္ဘာကြီးများ ပျက်တော့မလား မသိပါဘူးအေ့ "

မေမေ့ရဲ့ ညည်းတွားသံတွေကြောင့် ကျွန်မ မနေသာတော့ဘဲ အိမ်ရှေ့ကို အပြေးကလေး ထွက်လာခဲ့ပါတယ်။

"မေမေ. . . ဘာတွေလျှောက်ပြောနေတာလဲ၊ မိုးဖွဲလေးတွေရွာပြီး လေတိုက်တယ်ဆိုတာက မုတ်သုံရဲ့ အကြွင်းအကျန်တွေကြောင့်ပါ "

"အန်တီနီ . . . မုတ်သုံဆိုတာ ဘာကိုပြောတာလဲဟင်" ညှော့ခန်းထဲမှာ စာကျက်နေတဲ့ ကျွန်မရဲ့တူလေး လွင်မင်းခန့်က လှမ်းပြီးမေးလိုက်ပါတယ်။

"သြော်. . . သားသားက စာလုပ်နေတာလား" မေမေက ဆက်ပြောပါတယ်၊ "မြေးလေး. . . မုတ်သုံဆိုတာ မိုးဥတုပဲကွဲ့။ မေမေကြီးတို့ ရွာမှာတုန်းက ဖျောက်ဆိပ်ကြယ်ခေါ်၊ ခုနစ်ဖော်၊ ယူသော်ကြတ္တိကာတဲ့။

ဖျောက်ဆိပ်ကြယ်ကို တွေ့တာနဲ့ မိုးကျပြီလေ၊ နှမ်းစိုက်ရမယ့် အချိန်ဆိုရင်လည်း ဖျောက်ဆိပ်မွန်းလွဲ၊ နှမ်းကြီးကြဲလို့ မှတ်ထားတာပေါ့"

"ဖျောက်ဆိပ်ကြယ်ကဘာလဲဟင်" ကျွန်မရဲ့ တူလေး လွင်မင်းခန့်တစ်ယောက် ခေါင်းရှုပ်သွားဟန် တူတယ်။ ကျွန်မ ခဏတာ စဉ်းစားပြီး ကလေးနားလည်အောင် ရှင်းပြရပါတော့တယ်။

"တောင်သူလယ်သမားကြီးတွေက ကြတ္တိကာနက္ခတ်ကို ဖျောက်ဆိပ်ကြယ်လို့ ခေါ်ကြတယ်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့ကစပြီး ရက်ပေါင်း ၄၅ ရက် ပြည့်တဲ့မနက် ကောင်းကင်မှာ ဖျောက်ဆိပ်ကြယ် ပေါ်လာရင် မိုးဦးကျပြီလို့ ပြောကြတာပေါ့ကွယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ လောက်က (အေဒီ ၁ရာစုနှစ်) အာရပ်ကုန်သည်တွေက အရှေ့မြောက်ဘက်က တိုက်လာတဲ့ လေကို အရဗီစကားနဲ့ "မော်ဆင်(မ်)" (mausim) ရာသီလို့ခေါ်ကြတယ်။ အေဒီ ၄ရာစုကို ရောက်လာတဲ့အခါမှာတော့ ရာသီလေတွေ ဖြတ်သန်းတိုက်ခတ်ခဲ့တဲ့ နေရာဒေသတွေမှာ လူမှုရေး၊ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်လာတာကြောင့် အင်္ဂလိပ်တွေက မော်ဆင်(မ်)ကို အင်္ဂလိပ်အသံထွက်နဲ့ "မွန်ဆန်း" (monsoon) လို့ ခေါ်ခဲ့ကြတာပေါ့။ Monsoon ကို မြန်မာမှုပြုတော့ "မုတ်သုံ" ဖြစ်လာတာပေါ့။ အန်တီနီတို့ နေတဲ့ မြန်မာနိုင်ငံဟာ မြောက်ကမ္ဘာခြမ်းမှာ တည်ရှိတယ်။ ဒါကြောင့် မြောက်ကမ္ဘာခြမ်း နွေရာသီမှာ တိုက်တဲ့ အနောက်တောင်မုတ်သုံလေနဲ့ ဆောင်းရာသီမှာ တိုက်တဲ့ အရှေ့မြောက်မုတ်သုံလေဆိုပြီး နှစ်မျိုးရှိတယ်။မြန်မာနိုင်ငံမှာ အနောက်တောင်မုတ်သုံလေလို့ ဆိုလိုက်ရင် တစ်နည်းအားဖြင့် မိုးဥတုကို ဆိုလိုတာလို့ နားလည်ထားကြတယ်။"

"အန်တီနီ. . . မုတ်သုံလေက ဘယ်အချိန်တွေမှာ တိုက်တာလဲဟင်"

"သြော်. . . ရှင်းပြမှာပေါ့။"

"မြန်မာနိုင်ငံမှာ အနောက်တောင်မုတ်သုံလေက ယေဘုယျအားဖြင့် မေလ ၂၀ ရက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ မေလ ၂၅ ရက်မှာ အောက်မြန်မာပြည်နဲ့ ဇွန်လ ၁ ရက်မှာ အထက်မြန်မာပြည်ကို စတင်ဝင်ရောက်တတ်တယ်။ ဒါကြောင့် အနောက်တောင်မုတ်သုံလေစတင်ဝင်ရောက်တဲ့ မေလ ၂၀ ရက်ကနေ ဇွန်လ ၃၀ ရက် အထိကာလကို မိုးဦးကာလ သို့မဟုတ် မုတ်သုံဦးကာလ (Pre monsoon Period) အဖြစ် သတ်မှတ်ကြတာပေါ့။ဟိုတုန်းက ဥတုဆိုတာ တစ်နှစ်တာရဲ့ အပူချိန်ကို အပူ၊ အအေးနဲ့ စွတ်စိုမှုအပေါ်လိုက်ပြီး လေးလစီပိုင်းကာ နွေဥတု၊ ဆောင်းဥတုနဲ့ မိုးဥတုလို့ ကာလခွဲထားတယ်။အခုတော့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်တဲ့နေ့ကနေ ပြန်လည်ထွက်ခွာသွားတဲ့နေ့အထိကို မိုးဥတု (Rainy Season) လို့ သတ်မှတ်တယ်"။

"ဒါဆိုရင်. . . မိုးရွာတာနဲ့ မိုးဥတုပေါ့နော်"။

"မဟုတ်သေးဘူး ၊. . . . မိုးရွာတိုင်း မိုးဦးကျပြီလို့တော့ ပြောလို့မရသေးဘူး။ ပထမဆုံး မုတ်သုံလေဖိအားနည်းချိုင့်တိမ် (Monsoon Low trough) ဖြတ်သန်းပြီး တိုက်လေတွေအားပျော့ကာ မိုးတိမ်တောင် (Comulonimbus Clouds) တွေ ဖြစ်ပေါ်ပြီး မွန်းလွဲပိုင်း၊ ညနေပိုင်းနဲ့ ညဦးပိုင်းတွေမှာ ပျံ့ကျမိုး (Convectional rain) ထစ်ချုန်းရွာတတ်တယ်လေ။ မနက်လင်းတာနဲ့ တိမ်ကင်းစင်ပြီး နေသာနေတော့တာပါပဲ။ မုတ်သုံအဝင် မိုးက အနောက်တောင်အရပ်က မိုးတိမ်တွေဆင်းလာပြီး အချိန်မရွေး ထစ်ချုန်းရွာတတ်တယ်။ အဲဒီလို သုံးလေးရက်လောက်ရွာပြီး တိမ်တောင်တွေ လျော့နည်းလာတယ်။ အဲဒီနောက် တိမ်လတ်လွှာ (Alto Stratus)၊ တိမ်နိမ့်လွှာ (Stratus) နဲ့ မိုးတိမ်လွှာ (Nimbo Stratus) တွေ ထူထပ်လာပြီး အလွှာတိမ်တွေ ပေါ်ပေါက်ကာ ထစ်ချုန်းတာမျိုးမရှိဘဲ မုတ်သုံမိုးရွာချတော့တာပဲ။ မုတ်သုံမိုးရွာတာက ပြန်ကျမိုးရွာသလို မဟုတ်ဘူး၊ အချိန်မှန်မှန် ကြာကြာ ရွာတတ်တယ်။ အဲဒီလို ရွာတဲ့ရက်ကအနောက်တောင်မုတ်သုံလေစတင်ဝင်ရောက်တဲ့ရက် ဒါမှမဟုတ် မုတ်သုံဦး ကျရောက်တဲ့ရက်ပဲ။"

"မုတ်သုံလေက. . . . ဘယ်နေရာတွေမှာ ဘယ်လိုတိုက်တာလဲသမီးရဲ့ ရှင်းပြစမ်းပါဦး။"

"ဟုတ်ကဲ့မေမေ၊ မုတ်သုံလေဝင်လာတဲ့အခါမှာ အနောက်တောင်မုတ်သုံလေက တစ်နာရီကို (၅)မိုင်ကနေ (၁၅)မိုင်နှုန်း၊ တစ်ခါတစ်ရံ (၂၅)မိုင်ကနေ မိုင်(၃၀)နှုန်းအထိ တိုက်ခတ်လေ့ရှိတယ်။ တိုက်လေတွေက ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နဲ့ မွန်၊ တနင်္သာရီ ကမ်းရိုးတန်းတွေကို အနောက်တောင်မုတ်သုံလေအဖြစ် တိုက်ခတ်တယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ကျော်ဖြတ်ပြီးတဲ့နောက် တောင်မြောက်တန်းနေတဲ့ ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ ရှမ်းရိုးမတို့နဲ့ အပြိုင် တိုက်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြောက်ပိုင်းကို တောင်လေအဖြစ်နဲ့ တိုက်တာပေါ့။ မုတ်သုံလေ စတင်ဝင်ရောက်တဲ့ ရက်ကနေ ဇွန်လ ၃၀ ရက်နေ့အထိ ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံလေအား အသင့်အတင့်ရှိပြီး အားအသင့်အတင့်ကနေ အားကောင်း၊ အားအလွန်ကောင်း ဖြစ်ပေါ်တတ်တယ်။ တစ်ခါတစ်ရံ အားနည်းတာလည်း ဖြစ်တတ်တယ်။"

"မုတ်သုံလေအားကောင်းရင် ဘာတွေဖြစ်တတ်သလဲအန်တီ"။

"မုတ်သုံလေအားကောင်းရင် မြန်မာနိုင်ငံအောက်ပိုင်းနဲ့ ကမ်းရိုးတန်းဒေသတွေမှာ မိုးများပြီး မုတ်သုံလေ အားနည်းတဲ့အခါ မြန်မာပြည်မြောက်ပိုင်းမှာ မိုးများကာ မြန်မာနိုင်ငံအောက်ပိုင်းနဲ့ ကမ်းရိုးတန်းဒေသတွေမှာ မိုးနည်းသွားပြန်ရော။ မြန်မာပြည်အလယ်ပိုင်းမှာကတော့ မိုးဦးကာလက မိုးလယ်ကာလထက် မိုးပိုကောင်းလေ့ရှိတယ်။ ဇွန်လကုန်တာနဲ့ မိုးဦးကာလကုန်ဆုံးပြီး မုတ်သုံကာလ (Peak monsoon Period) ကို ရောက်ရှိလာတယ်။ မုတ်သုံလယ်ကာလဖြစ်တဲ့ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်းဒေသကလွဲပြီး ကျန်ဒေသတွေမှာ မိုးဖြိုင်ဖြိုင် ရွာလေ့ရှိတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းမှာတော့ ဇူလိုင်လမှာ မိုးနည်းပြီး ဩဂုတ်လမှာ မိုးပြန်ကောင်းလာတယ်။ ကျန်ဒေသတွေမှာ မိုးနည်းသွားတာ၊ မိုးပြတ်သွားတာတွေ ဖြစ်တတ်တယ်။ အဲဒီလို မိုးနည်းသွားတာက မုတ်သုံခါးပြတ် (Monsoon break) တာပဲ။"

"Monsoon break ကြောင့် ဘာတွေဖြစ်တတ်သလဲအန်တီ"။ လွင်မင်းခန့်တစ်ယောက် စိတ်ဝင်တစားနဲ့ မေးလာပါတယ်။ ချက်ချင်းဆိုသလို မေမေက ဝင်ပြောလိုက်ပါတယ်။

"မေမေကြီးတို့ကတော့ ဆိုးကျိုးရော၊ ကောင်းကျိုးရော ကြုံခဲ့ရဖူးတယ်၊ သီးနှံပင်တွေ ရေတတ်တာနဲ့ သီးနှံဖျက်ပိုး အန္တရာယ်ကျတာပေါ့ကွယ်၊ ဒါပေမယ့်လည်း မိုးကြိုနှမ်းအတွက်ကျတော့ ကောင်းသွားပြန်ရော၊ ကဲ. . . . သမီးဆက်ပြောပါဦး"။

"မုတ်သုံလေအဝင်စောပြီး မိုးဦးကာလ ရက်ရှည်တာ၊ မုတ်သုံလေအဝင်နောက်ကျပြီး မိုးဦးကာလ ရက်တိုတာတွေ ဖြစ်တတ်တယ်။ အနောက်တောင်မုတ်သုံလေ အလွန်အားကောင်းတဲ့အခါ ကမ်းရိုးတန်းဒေသတွေ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနဲ့ ကချင်ပြည်နယ်တွေမှာ မိုးအားကောင်းတတ်တယ်။ မိုးသက်လေပြင်းကျရောက်တာ၊ မိုးသည်းထန်တာ၊ ဒေသအလိုက်မိုးကြီးတာတွေ ဖြစ်ပေါ်လေ့ရှိတယ်။ မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာတော့ ရံဖန်ရံခါ မိုးသက်လေပြင်းတွေ ကျရောက်ပြီး လှိုင်းကြီးတော့တာပါပဲ။"

"သားသားရေ. . . အရှေ့မှာပြောခဲ့တဲ့ မုတ်သုံဦးနဲ့ မုတ်သုံလယ်ကို သိပြီနော်"

"ဟုတ်ကဲ့ပါအန်တီ။"

"အေး. . ဒါဆိုရင် နောက်ဆုံးအပိုင်းဖြစ်တဲ့ မုတ်သုံနှောင်းကာလကို ပြောပြမယ်။"

"မုတ်သုံနှောင်းကာလ (Post Monsoon Period) က စက်တင်ဘာလ ၁ ရက်နေ့ကနေ မုတ်သုံလေ တစ်ပြည်လုံးမှာ ပြန်လည်ဆုတ်ခွာတဲ့ နေ့အထိပဲကွဲ့။ တော်သလင်းလမှာ ရွာတဲ့မိုးက အနောက်တောင်မုတ်သုံလေကြောင့် မဟုတ်ဘဲ မြန်မာနိုင်ငံအရှေ့ဘက်က ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတွေကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေပွေလှိုင်းတွေ မုန်တိုင်းအကြွင်းအကျန်တွေကြောင့် ရွာတာပဲ။ အနောက်တောင် မုတ်သုံလေက အောက်တိုဘာလ ၁၄ ရက်၊ ၁၅ ရက်မှာ တစ်ပြည်လုံးကနေ ဆုတ်ခွာသွားတာတောင် အခါမဲ့မိုးတွေရွာပြီး မိုးရရှိနိုင်သေးတယ်။ ဒါကြောင့် မုတ်သုံဥတုကုန်ဆုံးပေမယ့်လည်း မိုးကုန်ပြီလို့ မဆိုနိုင်ဘူးလေ၊ မိုးနှောင်းကာလအတွင်း စက်တင်ဘာလကုန် အောက်တိုဘာလရောက်တာနဲ့ အရှေ့ဘက်က မွန်၊ တနင်္သာရီကမ်းရိုးတန်းကို ဖြတ်ကျော်လာတဲ့ တိုင်ဖွန် မုန်တိုင်းအကြွင်းအကျန်တွေ၊ လေပွေလှိုင်းတွေ ဖိအားနည်းရပ်ဝန်း ဝင်ရောက်ဖြတ်သန်းသွားတတ်တာတွေကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ မိုးပိုများတတ်တယ်။ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသွားပြီး အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်ကနေ မြန်မာပြည်ဘက်ကို ဦးတည်ရွေ့လျားလာတဲ့ လေပွေလှိုင်းတွေ၊ ဖိအားနည်းရပ်ဝန်းတွေအပြင် အထက်လေထုလွှာအတွင်း အနောက်ဘက်က ရွေ့လျားလာတဲ့ လေအေးလှိုင်းတွေကြောင့် မြန်မာပြည်မြောက်ပိုင်းနဲ့ အလယ်ပိုင်းမှာ မိုးဆက်ရွာနိုင်တယ်။ ဟိမဝန္တာတောင်တန်းမြောက်ပိုင်းမှာ အနောက်က အရှေ့ကို ရွေ့လျားလာတဲ့ လေစိုင်ဆုံတွေကြောင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသတွေမှာ မိုးရွာနိုင်တယ်။အရှေ့ဘက်ကလာတဲ့ လေပွေလှိုင်းတွေကြောင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွေမှာ မိုးဆက်ရွာတတ်တယ်။ ဒါကြောင့် အခုရွာတဲ့မိုးက အရှေ့ဘက်ကလာတဲ့ လေပွေလှိုင်းတွေကြောင့် ရွာတာပဲပေါ့ကွယ်"။

"လေတိုက်တယ်ဆိုတာက. . . ဘယ်လိုတိုက်တာလဲ အန်တီ"။

"လေတိုက်တယ်ဆိုတာက လေဖိအားများတဲ့နေရာကနေ လေဖိအားနည်းတဲ့နေရာကို လေတွေ ဘေးတိုက် ရွေ့လျားတိုက်ခတ်သွားတာလေ။ နောက်ပြီးတော့ မြေပြင်နဲ့အပြိုင် ဒါမှမဟုတ်၊ မြေပြင်တစ်လျှောက် လားရာအရပ်တစ်ခုခုစီကို ရှေးရှူရွေ့လျားနေတဲ့လေကိုတော့ တိုက်လေ (Wind) လို့ ခေါ်တာပေါ့။ တိုက်လေကို လူတွေရဲ့ ခံစားချက်ကိုလိုက်ပြီး အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုကြတာပေါ့ကွယ်။ စိတ်ညစ်စရာ၊ စိတ်ရှုပ်ထွေးစရာတွေ ကြုံတွေ့နေတဲ့အချိန်မှာ တိုက်တဲ့လေကို "လေရူးလေပွေ" လို့ ဆိုနိုင်သလို၊ စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာနဲ့ ရင်ဆိုင်ကြုံတွေ့နေချိန်မှာ တိုက်တဲ့လေကို "လေနီလေကြမ်း" တိုက်တယ်လို့ ဆိုပြန်ရော. . .၊ ချစ်ခြင်းမေတ္တာတရားတွေနဲ့ စိတ်ကြည်နူးဖွယ်ကောင်းတဲ့အချိန်မှာ တိုက်တဲ့လေကတော့ "အချစ်လေပြည်လေညင်း" လေးတွေပေါ့ကွယ်။"

"ကဲ. . . ဒီလောက်ဆိုရင် သားသားနားလည်ပြီပေါ့နော်. . . "။

"ဟုတ်ကဲ့. . . သားနားလည်သွားပါပြီ အန်တီ၊ ကျေးဇူးတင်ပါတယ် ခင်ဗျ"။

ကျွန်မလည်း ရှင်းပြရတာ အတော်ကလေးအချိန်လင့်သွားပြီဆိုတော့ တူလေး လွင်မင်းခန့်ရဲ့ ကျေးဇူးတင်စကားကို ဆုံးအောင်ပင် နားမထောင်နိုင်တော့ဘဲ နောက်ဖေးမီးဖိုချောင်ကိုသာ အပြေးကလေးထွက်ခဲ့မိပါတော့တယ်။ ။



အိန္ဒိယတိုက်ငယ်နှင့် မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ ဒေသအလိုက် စတင်ဝင်ရောက်သည့်ရက် အခြေပြမြေပုံ။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မုဒုံမြို့နယ် ရန်အောင်လမ်း ကတ္တရာခင်းနေမှုကို ဇူလိုင် ၁၀ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)



ပြင်ဦးလွင်မြို့နယ် မြို့ပတ်လမ်းအနီး ကွန်ကရစ်တံတားခင်းနေမှုကို ဇူလိုင် ၅ ရက်က အင်ဂျင်နီယာမှူး ဦးသန်းထိုက်ဦး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့်အဖွဲ့ နောင်မွန်မြို့ဝင် ဘီးအခွန်ကောက်လုပ်ငန်းတွင် မော်တော်ယာဉ်များအား သတ်မှတ်နှုန်းထားများနှင့်အညီ ကောက်ခံခြင်း ရှိ မရှိ ဇွန် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရသေ့တောင်မြို့ မေယုခန်းမခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ဇူလိုင် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပုလောမြို့နယ် မြို့မဈေးကြီးအတွင်း အလေးချိန်ခွင်မှန်ကန်ရေးအတွက် သမာဓိချိန်ခွင်တွင် သား၊ ငါးများ ချိန်တွယ်နေမှုကို ဇွန် ၁၉ ရက်က အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မူဆယ်ပြည်သူ့ဆေးရုံတိုးချဲ့ဆောင်သစ်ဖွင့်ပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲက အသင်းရုံးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ကျင်းပသော ပြည်သူ့ဆေးရုံတိုးချဲ့ ဖျားနာဆောင် နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာကြီးမြင့်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်အောင်နှင့် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းတို့က တိုးချဲ့ဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တိုးချဲ့ဖျားနာ နှစ်ထပ်ဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဆက်လက်၍ အဆောက်အအုံသစ်နှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာကြီးမြင့်ထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ယာပုံ)** ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက မူဆယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်လှူဒါန်းငွေကျပ် သိန်း ၂၀ ကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုးချဲ့လူနာဆောင်သစ်ရှိ လူနာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ United Nations Conference Centre ၌ ကျင်းပမည့် The 8 th Asia - Pacific Business Forum (APBF) and The First Pacific Trade & Investment Fair သို့ တက်ရောက်ရန် ဇူလိုင် ၂၄ ရက်က ထွက်ခွာသွားသော မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာအောင်ဝင်းမောင်နှင့် အသင်းဝင် ဦးမြင့်အောင်တို့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ဆေးကုသခြင်းဆိုင်ရာ ဝန်ဆောင်မှုစနစ် ရှင်းလင်း

ရန်ကုန် ဇူလိုင် ၂၆

KC ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် Parkway Shenton Pte., Ltd. တို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံ Parkway အုပ်စုဆေးရုံများသို့ အရေးပေါ်ဆေးကုသမှုခံယူရန် သွားရောက်လိုသူများအတွက် လေယာဉ်ဖြင့် ဝန်ဆောင်မှုပေးမည့်စနစ် ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် KC ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်မင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး **(အောက်ပုံ)** Parkway Shenton Pte., Ltd. မှ တာဝန်ခံ Mr. David Poon နှင့် Dr. Tan Seow Hwee တို့က Parkway Shenton ကုမ္ပဏီ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အရေးပေါ်လေယာဉ်ဖြင့် ဝန်ဆောင်မှုပေးမည့်စနစ်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဆရာဝန်ကြီးများက ပြန်လည်ဆွေးနွေးကြသည်။ ၎င်းဝန်ဆောင်မှုနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးမေးမြန်းလိုပါက ဗဟန်းမြို့နယ် ပုလဲကွန်ဒို (C) အဆောင်ရှိ KC ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ဖုန်း-၀၉-၂၁၁-၀၄၄၂ နှင့် ၀၉-၇၃၀၇-၆၄၀၄ တို့ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဂါလန် သုံးသိန်းဆံ့ ရေစုကန် ပြုပြင်တည်ဆောက်

မော်လမြိုင် ဇူလိုင် ၂၆

မော်လမြိုင်မြို့နယ် စစ်ကဲကုန်း ရပ်ကွက်တွင် ရပ်ကွက် ငါးရပ်ကွက်သို့ ဖြန့်ဝေပေးနေသည့် အလျား ၆၄ ပေ၊ အနံ ၆၄ ပေ၊ အနက် ၁၄ ပေရှိ ရေသိုလှောင်ကန်ကို ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိပြီး အဆိုပါလုပ်ငန်းခွင်သို့ ဇူလိုင် ၂၁ ရက်က မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ အင်ဂျင်နီယာမှူး ဦးတင်ကိုကိုနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသူရလွင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ဖြန့်ဖြူးပေး

အဆိုပါ ရေစုကန်သည် မော်လမြိုင်မြို့နယ်ရှိ ဖက်တန်း၊ ရွှေတောင်၊ စစ်ကဲကုန်း၊ မရမ်းကုန်းနှင့် ပန်းဘဲတန်း ရပ်ကွက်များရှိ ပြည်သူများအတွက် သောက်သုံးရေ ဖြန့်ဖြူးပေးလျက်ရှိသော ရေစုကန်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲများ လပွတ္တာမြို့နယ်၌ကျင်းပ

လပွတ္တာ ဇူလိုင် ၂၆

လပွတ္တာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီခွဲက လပွတ္တာမြို့နယ် ကျောက်မော်ကျေးရွာအုပ်စု တောင်သူဦးဌေး၏လယ်၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ဝင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူလယ်သမားများက ကျောက်မော်ကျေးရွာအုပ်စုနှင့် အမှတ်(၉)ရပ်ကွက်ရှိ တောင်သူ ၂၅ ဦး၏ လယ်မြေဧက ၂၀၀ တွင် ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀ အား မျိုးစိုက်ထည့်ပေးကြသည်။ **(အပေါ်ယာပုံ)**

မျိုးစိုက်ထည့်

ထို့နောက် သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို နံနက် ၈ နာရီခွဲတွင် အမှတ်(၉) ရပ်ကွက်ရှိ တောင်သူ ဦးတလုတ်၏ လယ်၌ကျင်းပရာ ရှေ့ဦးစွာ တာဝန်ရှိသူများက တောင်သူ ၂၇ ဦးအား ၎င်းတို့ လယ်မြေများအတွင်း ထည့်သွင်း မွေးမြူနိုင်ရန် ငါးခုံးမကြီးနှင့် ငါးမြစ်ချင်း (ငါးသန်/ငါးမွှံကြီး)ကောင်ရေ ၁၀၀၀၀၀ ကို ပေးအပ်ခဲ့ပြီးနောက် ရေမြောင်းများ၊ ရေကန်များနှင့် သဘာဝရေပြင်များအတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

လက်ခံယူ

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးဌာနမှူးရုံးတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ဆေးကုဌာနများအတွက် ဆေးပဒေသာပင်အလှူငွေကျပ် ၁၁ သိန်းကို မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမို)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုးနှင့် မိသားစုက လှူဒါန်းရာ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်သန်းသန်းမြင့်နှင့် ခရိုင်တိုင်းရင်းဆေးမှူးများက လက်ခံယူစဉ်။

(မြန်မာ့အလင်း)

ပန်းအလှပြင်သင်တန်း နမ့်ဆန်၌ဖွင့်

နမ့်ဆန် ဇူလိုင် ၂၆

နမ့်ဆန်မြို့နယ်၌ ပန်းအလှပြင်သင်တန်းကို ဇူလိုင် ၂၃ ရက်က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြသီက ပန်းအလှပြင် သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၂၃ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ယာဉ်လိုင်းများ ဂိတ်ဆုံးထိပြေးဆွဲပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၁၀၄-၁၀၅ ရပ်ကွက်သို့ ပြေးဆွဲနေသော အမှတ်(၆၂) ယာဉ်လိုင်းနှင့် အမှတ်(၇၇) ယာဉ်လိုင်းမှ မော်တော်ယာဉ်အချို့သည် ညနေ ၅ နာရီကျော်ပါက ယာဉ်စီးခ ပိုတောင်းခြင်း၊ ဂိတ်ဆုံးအထိမပြေးဆွဲဘဲ ၁၀၆ လမ်းဆုံတွင် ဂိတ်ကို အဆုံးသတ်ပြီး စံပြဈေးသို့ ပြန်လည်ပြေးဆွဲနေပါသဖြင့် ဂိတ်ဆုံးအထိ ပြေးဆွဲပေးနိုင်ရေး သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားများ

ဒရမ်တီးသံ နားမခံသာ

စာတည်းခင်ဗျား-

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ကန်/တောင်ရပ်ကွက် (၉၄)လမ်း မြေညီထပ်ရှိ အိမ်ခန်းတစ်ခန်းတွင် ဖွင့်လှစ်ထားသော ဒရမ်တီးသင်တန်းသည် ညသန်းခေါင်အထိ တီးခတ်နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံသာအောင် ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ဝက်ခြံများသန့်ရှင်းမှုရှိစေချင် ဆောင်ရွက်ပြီးဖြစ်

၁၆-၆-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **“ဝက်ခြံများသန့်ရှင်းမှုရှိစေချင်”** စာတည်းထံပေးစာနှင့်ပတ်သက်၍ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကျောင်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်က ကာယအလှမယ်ပထမဆုရ မထက်ထက်အောင်အား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကာယအလှမယ်ပြိုင်ပွဲ ကျောင်းကုန်းမြို့နယ်၌ကျင်းပ

ကျောင်းကုန်း ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ဇူလိုင် ၂ ရက်က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ကာယအလှမယ်ပြိုင်ပွဲကျင်းပရာ အခမ်းအနားတွင် ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင် ၁၂ ဦး ယှဉ်ပြိုင်ကြပြီး ပထမဆု မထက်ထက်အောင် သောင်ကြီးကျေးရွာ၊ ဒုတိယဆု မနီလာမြင့် သစ်ဆိမ့်ကုန်းကျေးရွာ၊ တတိယဆု မယဉ်ဝေဝေလွင် အမှတ်(၃) ရပ်ကွက်တို့က ဆုများရရှိခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး (မန္တလေး) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

နေပြည်တော် ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်ပြီး ဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် သူရဦးမြင့်မောင်၊ ဦးအုန်းမြင့်၊ ဦးတင့်ဆန်း၊ ဒေါက်တာမြအေးနှင့် ဒေါက်တာဖေသက်ခင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ ဆေးရုံကြီးကို ပြုပြင်တည်ဆောက်လှူဒါန်းသည့် ဧဒင်အုပ်စုကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆေးပဒေသာပင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ ✻

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၁ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၂ ပေခန့်မှ ၂၁ ဒသမ ၄ ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၈ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။

(သတင်းစဉ်)

27-7 (20).pmd 1 7/27/2011, 1:33 AM